## တော်လှန်ရေးအတွက်အားအင်
## မြစ်ကွေ့ လူထုတော်လှန်ရေးစာစဉ်

ဇန်နဝါရီလ(၂၃) ရက်၊ ၂၀၂၃ ခုနှစ်

အတွဲ (၂)၊ အမှတ်စဉ် (၈)

# CIVIL DISOBEDIENCE MOVEMENT



# မာတိကာ

## ၁။ အယ်ဒီတာ့ အာဘော်


အားထားရတဲ့ CDM မဏ္ဍိုင်ကြီး (စာ – ၃)


## ၂။ ကဗျာကဏ္ဍ


ရီဖော်လူးရှင်းရုပ်ရှင် ကျော်သုခမွန် (မကွေး) (စာ – ၅)
ယူဂျီတစ်ကောင်ရဲ့ညစ္စမျ်ား မက်အိမ် (စာ – ၆)
စစ်ခွေးနိဂုံး မြစ်ညို (စာ – ၇)
အပျော်ရင်ကွဲ လင်းလွန်း (စာ – ၈)
အမှန်အတွက်အမှန်ဘက်က PDF G3 (စာ – ၉)
ဆဲချင်း ခန့်ဝါငြိမ်း (စာ – ၁၀)


## ၃။ အက်ဆေးကဏ္ဍ


ဒီနေ့ဟာအမေ့မျက်ရည်တွေကိုကျောခိုင်းခဲ့တာတစ်နှစ်ပြည့်တဲ့နေ့ ပန်းနုဝင်း (စာ – ၁၁)


## ၄။ တော်လှန်ရေးကောက်ကြောင်းများ (ကဏ္ဍ)


ခွပ်ဒေါင်းအောင်လံတော်အောက်က မြေလတ်ဝက်ပုံ ကောင်းသောဝ် (စာ – ၁၃)


## ၅။ ကာတွန်းကဏ္ဍ


NATG (စာ – ၁၆)
ချဉ်လုံး (စာ – ၁၆)


## ၆။ ဆောင်းပါးကဏ္ဍ


၂နှစ်ပြည့်နွေဦးလည်ပြန် သစ္စာတည်၊ မင်းနွေ (စာ – ၁၇)
အိုင်ဒီယိုလိုဂျီ – ယခင်အပတ်မှအဆက် မိုးသန် (စာ – ၂၀)
ရှေ့သို့လမ်း မောင်ကြည်လင် (စာ – ၂၂)


## ၇။ ဖက်ဒရယ်ကဏ္ဍ


လူမျိုးစုလက္ခဏာရှိသောအချိုးမညီအာဏာခွဲဝေကျင့်သုံးသည့်ပြည်ထောင်စုစနစ်
ရှုရှားပြည်ထောင်စုလေ့လာချက် မိုးသန် (စာ – ၂၄)




၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက နိုင်ငံ့ဝန်ထမ်း CDM မူဝါဒစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီမူဝါဒစာတမ်းမှာ CDM နိုင်ငံ့ဝန်ထမ်းတွေကို ဂုဏ်ပြုချီးမြှင့်မယ့် အစီအစဉ်တွေနဲ့ Non–CDM ဝန်ထမ်းတွေကို အရေးယူမယ့် အစီအစဉ်တွေ ပါဝင်တာကို တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ အာဏာ အရပ်ရပ်ကို အကြမ်းဖက် စစ်အုပ်စုက မတရား သိမ်းယူပြီးတဲ့နောက် ပထမဆုံးသော နိုင်ငံရေးအံတုမှု အနေနဲ့ CDMလှုပ်ရှားမှုကြီးက ပေါ်ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။ "ရုံးမတက်နဲ့ ရုန်းထွက်"ဆိုတဲ့ ကြွေးကြော်သံနဲ့ အတူ သိန်းနဲ့ချီတဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ ရာထူးဌာနန္တရတွေကို စွန့်လွှတ်ပြီး အမှန်တရားဘက်က ရပ်တည်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို CDM လှုပ်ရှားမှုကြီး စတင်လိုက်ကတည်းက ဒီနေ့အချိန်ထိ အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကို ခါးစည်းခံခဲ့ကြ၊ ခံနေကြတဲ့ CDM နိုင်ငံ့ဝန်ထမ်းတွေရှိနေလို့သာ တော်လှန်ရေးဟာ အရှိန်အဟုန် ကောင်းလာခဲ့ရတာဆိုရင်လည်း မှားမယ် မထင်ပါဘူး။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် CDM နိုင်ငံ့ဝန်ထမ်းတွေနဲ့ CDM ကျောင်းသား/သူတွေ တော်လှန်ရေးနဲ့အတူ ရပ်တည်နေတာကြောင့် အကြမ်းဖက် စစ်အုပ်စုရဲ့ အကြမ်းဖက်ယန္တရားဟာ ဒီနေ့အချိန်ထိ ကောင်းကောင်းမွန်မွန် မလည်ပတ်နိုင်သေးတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် CDM လှုပ်ရှားမှုကြီးရဲ့ တန်ဖိုးဟာ အင်မတန် ကြီးမားလှသလို တော်လှန်ရေးအတွက်လည်း အလွန် အကျိုးများလှပါတယ်။

တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း CDM နိုင်ငံ့ဝန်ထမ်းတွေဟာ လူအခွင့်အရေးချိုးဖောက်မှုတွေကို အကြီးအကျယ် ခံစားခဲ့ရ၊ ခံစားနေရပြီး အကျဉ်းထောင်တွေ၊ တောတောင်တွေ စတဲ့ မိသားစုနဲ့ အဝေး၊ အိမ်နဲ့ အဝေးနေရာတွေမှာ ဒုက္ခပေါင်းများစွာကို ရင်ဆိုင် ဖြတ်သန်းခဲ့ကြရ၊ ဖြတ်သန်းနေကြရပါတယ်။ ဒီလို ခံစားနေခဲ့ကြရတဲ့ CDM နိုင်ငံ့ဝန်ထမ်းတွေကို ထောက်ပံ့မှုတွေ ရှိခဲ့တယ်ဆိုပေမယ့်လည်း မလုံလောက်ခဲ့တာတွေ၊ မထိရောက်ခဲ့တာတွေလည်း များစွာရှိခဲ့ပါတယ်။ ဒါကြောင့် CDM နိုင်ငံ့ဝန်ထမ်းတွေကို မေ့လျော့နေကြပြီလားဆိုတဲ့ ကရုဏာဒေါသောနဲ့ ပြောဆိုကြ၊ ဝေဖန်ကြသံတွေလည်း ထွက်ပေါ်ခဲ့ပါသေးတယ်။

အခုလို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက နိုင်ငံ့ဝန်ထမ်း CDM မူဝါဒစာတမ်းကို ထုတ်ပြန်လိုက်နိုင်ခြင်းက CDM နိုင်ငံ့ဝန်ထမ်းတွေဟာ အမေ့လျော့ခံတွေ မဟုတ်ကြောင်းကို အသိအမှတ်ပြုလိုက်တဲ့ မှတ်ကျောက် တစ်ခုလည်း ဖြစ်လို့နေပါတယ်။ ဒီမူဝါဒစာတမ်းကို ယခုထက် ပိုမိုပြီး စောလျင်စွာ ထွက်ရှိဖို့ မျှော်လင့်ခဲ့ကြပေမယ့် အခုအချိန်မှာ ထွက်ရှိနိုင်လာတာဟာလည်း နောက်တော့ အရမ်းမကျလှပါဘူး။ ဆက်လက်ပြီးတော့ မူဝါဒစာတမ်း အဆင့်ကနေ ကောင်းမွန်ပြီး တရားမျှတတဲ့ ဥပဒေတွေ ထွက်ပေါ်လာတဲ့ အထိတော့ တစိုက်မတ်မတ် ချီတက်သွားနိုင်ဖို့ လိုပါတယ်။

အနှစ်ချုပ် ပြောရရင် နိုင်ငံ့ဝန်ထမ်း CDM မူဝါဒစာတမ်းကို ရေးဆွဲ ထုတ်ပြန်လိုက်နိုင်ခြင်းဟာ တော်လှန်ရေး အတွက် ကောင်းမွန်တဲ့ အရွေ့တစ်ခုကို ဆောင်ကြဉ်းလိုက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ CDM နိုင်ငံ့ဝန်ထမ်းတွေ အတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းနိုင်ဖို့နဲ့ မတရား ကျူးလွန်ထားသူတွေကို ပြစ်ဒဏ်ကနေ ကင်းလွတ်ခွင့် တွေ ထပ်မံမရနိုင်တော့တဲ့ နိုင်ငံတော်သစ် ဖြစ်ပေါ်လာဖို့ အတွက်ကတော့ လက်ရှိ ထုတ်ပြန်ထားတဲ့ မူဝါဒ စာတမ်း ကနေ တရားမျှတတဲ့၊ သင့်လျော်တဲ့၊ ခိုင်မာအားကောင်းတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဖြစ် ပေါ်လာဖို့ ဆက်လက် ချီတက်ကြရဦးမှာပဲ ဖြစ်ပါတော့တယ်။

CDM နိုင်ငံ့ဝန်ထမ်းများအပါအဝင် တော်လှန်ရေး တပ်သား အားလုံးကို ဂုဏ်ပြု ဦးညွှတ်လျက်

**အယ်ဒီတာ**

**မြစ်ကြေ့-လူထုတော်လှန်ရေးစာစဉ်**



# ရီဗော်လူးရှင်း ရုပ်ရှင်

ဒီရုပ်ရှင်မှာ
မျက်ရည် အစစ်
သေနတ် အစစ်
ကျည်ဆံ အစစ်
ရွာတစ်ရွာမီးလောင်ပြီး
ပြာကျသွားတဲ့ အခန်းကလည်း အစစ်
ရင်ဘတ်ထဲကနေ ပေါက်ကွဲပြီးအန်ထွက်လာတဲ့
အမေအိုတစ်ယောက်ရဲ့
စကားလုံးများကလည်း အစစ်
လူငယ်သူပုန်တွေရဲ့
ခြေပြတ် လက်ပြတ်တာလည်း အစစ်
သွေးထွက်သံယိုဖြစ်တာလည်း အစစ်
မစ်ရှင်ထွက်ရင်း တကယ်သေပေးလိုက်ရတဲ့
လူငယ်သူပုန်တွေကလည်း အစစ်
စစ်ဖြစ်နေတဲ့တိုင်းပြည်မှာ
အရာရာဟာ အစစ်သာဖြစ်တယ်
ရုပ်ရှင်ရုံထဲ ဝင်လာခဲ့
မျက်ရည်မကျသူ ဘယ်သူရှိနိုင်မလဲ ။

**ကျော်သုခမွန်(မကွေး)**



# ယူဂျီတစ်ကောင်ရဲ့ညစွဲများ

မှောင်ရီပျိုးတာနဲ့
အရာရာဟာ တိတ်ဆိတ်ငြိမ်သက်
မာကျူရီတွေအိပ်စက်နေတဲ့
မြို့ပြညစွဲတွေဟာ
ခြောက်ခြားထိတ်လန့်စရာတွေ ပြည့်နှက်နေရဲ့။
ဆယ့်ငါးပေကွာ လမ်းပေါ်က
ဖိနပ်သံ တဖျတ်ဖျတ်မှာ
ရင် တလှပ်လှပ်ခုန်ရတယ်။
ကားသံကြားတိုင်း ပြေးပေါက်ကြိုရှာရင်း
ဘယ်ချိန် .....
ပြတင်းပေါက်က ထွက်ပြေးရမှန်းမသိ
ဘယ်ချိန် .....
ခေါင်မိုးပေါ် တက်နေရမှန်းမသိ
ဘယ်ချိန် .....
လူမသိ သူမသိ ဆွဲစိခံရမှန်းမသိ
ဒီလိုမအိပ်မနေ ဖြတ်သန်းခဲ့ရတဲ့
စိတ်ကင်ဆာညတွေဆိုတာ
ငါတို့မြို့ပြကောင်တွေအဖို့တော့ ...... ဒုနဲ့ဒေးပဲ။
မီးလေးပိတ်လိုက်
ဖက်ကြမ်းလေးဖွာလိုက်
အဆောင်တံခါးရှေ့ ပြူကြည့်လိုက်နဲ့
ကတုတ်ကျင်းထဲ မအောင်းရပေမယ့်
ဆယ်ပေပတ်လည် အခန်းကျဉ်းလေးထဲအောင်းရင်း
ကိုယ့်အသက်ကို ကိုယ်ပြန်ပြီး ဉာဏ်စောင့်နေရ။
ငါတို့မြို့ပြပြောက်ကျား ယူဂျီရဲဘော်တွေဆိုတာ
ယူနီဖောင်းလည်း မလိုသလို
စစ်ဖိနပ်လည်း မလိုဘူး။
ဂမ်းရှိရင် ကောင်မလေးရှိသလို
အရာရာပြီးပြည့်စုံပြီဆိုပြီး ကြိတ်ပျော်နေတဲ့ကောင်
တွေ။
လမ်းစရိတ်လိုလို့ ရှိတာရောင်းလိုက်တာကျ
အိမ်ကိုတောင် အသိမပေးဘူး။
ပွဲကဖို့ ထောက်ပံ့ငွေလိုနေတာကျ
လိုင်းပေါ်တင်ပြီး မတောင်းကြဘူး။
တစ်ဖွဲ့လုံး ဖမ်းဆီးခံလိုက်ရတာကျ
တလောကလုံးသိအောင် အော်မပြောဘူး။
ပြီးတော့ .........
လက်ဖက်သုတ်နဲ့ လေးငါးယောက် စားနေရတာကျ
ဘယ်သူ့ကိုမှ မပြောပြကြဘူး။
(မြို့ပြမှာတော်လှန်ပြီး
ငတ်နေတယ်ပြောရမှာ ရှက်လို့)

သောက်စားပျော်ပါးနေတဲ့ သူတွေကို
ပင်လယ်တစ်စင်းလို ထိုင်ကြည့်ရင်း
ငါတို့နိုင်ရင် ဒီထက်ပိုပျော်ရမှာဆိုပြီး
တွေးမိတိုင်း ရင်ကွဲနေရတယ်။

"သားရီး မင်းတို့ဆီ ဝင်ဆီးမယ်ကြားတယ်"
အဲ့သတင်းရတာနဲ့ မှောင်ထဲမည်းထဲ ကရောသောပါး
ဖိနောင့်နဲ့တင်ပါး တသားထဲကျအောင် ပြေးရတယ်။

အဲ့အချိန် ..........
လမ်းစရိတ် ..... ဘယ်ဆီမှန်းမသိသေးဘူး။
စားစရိတ် ..... ဘယ်ဝယ်မှန်းမသိသေးဘူး။
ပြေးရင်းလွှားရင်း .....
အိမ်သာကျင်းထဲ ကျဖူးတဲ့ကောင်တွေရှိတယ်။
တံတားပေါ်ကနေ ဒိုင်ပင်ထိုးချခဲ့တဲ့ကောင်တွေရှိတယ်။
တိုက်ပေါ်ကနေ "အရေးတော်ပုံအောင်ရမည်" လို့အော်ရင်း
ခုန်ချခဲ့ရတဲ့ကောင်တွေ ရှိခဲ့ဖူးတယ်။

မြို့ပြမှာ ..... ငါတို့ချစ်တဲ့သူတွေ
နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရဲ့။
ကျေးဇူးပြုပြီး
ငါတို့ထွက်ပြေးနေရတဲ့အကြောင်း
မတင်ကြပါနဲ့။
ငါတို့ဖမ်းဆီးခံလိုက်ရတဲ့အကြောင်း
မပြောပြလိုက်ပါနဲ့။
(လန့်ပြီး မထောက်ပံ့ကြတော့မှာစိုးလို့)
မနက်မိုးလင်းမှ
ငါတို့အကြောင်းကို အရသာခံပြောပါစေ။

ငါတို့ကောင်တွေက မြို့ပြကိုချစ်လို့
လူမသိသူမသိ ယူဂျီတွေအဖြစ်နဲ့ တော်လှန်နေပေမယ့်
မြို့ပြက ငါတို့ကို ချစ်ရဲ့လားဆိုတာကတော့
ငါ့ကောင်ရေ ............
သိပ်တော့ မသေချာဘူး။

မက်အိမ်



# စစ်ခွေးနိဂုံး

သူရို့ပြောတယ်
နိုင်ငံတော်သစ္စာဖောက်တဲ့
ငါတို့အမြင်မှာ ကျောင်းသားနုနုနယ်နယ်လေးတွေ
အမျိုးသားလွတ်မြောက်ရေးအတွက်
အသက်နဲ့ဘဝတွေ ပေးဆပ်နေကြတဲ့လူငယ်လေးတွေ
တပ်ဦးအလံတော်အောက်မှာ တစုတည်းတည်းချီတက်နေကြတဲ့ လူမျိုးစုတွေ။

သူရို့ပြောတယ်
ဖက်ဒရယ်ဒီမိုကရေစီတဲ့
လူမြင်ကောင်းအောင် ဒီမိုကရေစီလို့ ယောင်ယမ်းအော်
ဖက်ဒရယ်အာဏာတောင် ခွဲဝေပေးသတဲ့
လူ့သမိုင်းမှာ ကြားရခဲတဲ့စကားတွေ
လက်နက်ကိုင်ပြီး အာဏာကို ဓါးပြတိုက်တဲ့ကောင်တွေပါးစပ်က ထွက်သတဲ့။




သူရို့ပြောတယ်
အပစ်ခတ်ရပ်စဲရေးတဲ့
ကြားကောင်းအောင် အော်ပြန်ပါပြီ
ပြီးတာနဲ့ လေကြောင်းကိုတွင်တွင်သုံး
ကချင်ကိုပစ် ချင်းကိုပစ်
ကရင်ကိုပစ် မြန်မာကိုပစ်
သခင်စိုးစကားနဲ့ ပြောရရင်
ဖာခေါင်းကလုပ်တဲ့ ပြည့်တန်ဆာပပျောက်ရေးပဲ။

သူရို့ပြောတယ်
ရွေးကောက်ပွဲတဲ့
တလမ်းဝင်တလမ်းထွက် သေနတ်တပြပြ မဲစာရင်းကောက်နေတဲ့ကောင်တွေက
တရားမျှတတဲ့ ရွေးကောက်ပွဲတဲ့လား
နိုင်ငံတော်သမ္မတကို မတရားဖမ်းထားတဲ့ကောင်တွေက
လွတ်လပ်တဲ့ ရွေးကောက်ပွဲတဲ့လား
ပြည်သူ့ကိုယ်စားလှယ်တွေကို
ဖမ်းဆီးသတ်ဖြတ်နေတဲ့ စစ်အုပ်စုက ကျင်းပတဲ့ရွေးကောက်ပွဲ
ဘယ်သူဝင်ပြိုင်မလဲ
ဖက်ဆစ်တွေရဲ့ အတုအယောင်ရွေးကောက်ပွဲ
ဘယ်သူမဲပေးမလဲ။

ခေတ်တလျှောက်လုံး
မိုးလုံးပြည့် မုသာဝါဒတွေနဲ့ စစ်အုပ်စု
သမိုင်းရာဇဝတ်မှုတွေ
အကြိမ်ကြိမ်ကျူးလွန်နေတဲ့ စစ်အုပ်စု
တော်လှန်သော ပြည်သူတို့ရဲ့
အားမာန်တွေအောက်မှာ
စစ်ခွေးနိဂုံး ချုပ်ရတော့မယ်
စစ်ခွေးနိဂုံး ၂၀၂၃ တဲ့။

**မြစ်ညို**

# အပျော်ရင်ကွဲ

ကောင်းကင်တခုတည်းအောက်မှာ ဆိုပေမယ့်
ကမ္ဘာက အစိတ်စိတ်အမြွာမြွာကွဲသွားတယ်

တချို့က အပန်းဖြေခရီးနဲ့ ညှော်ခံပွဲနဲ့
ပိုးစားခြကိုက်ခပ်များများ ဆုတံဆိပ်တွေနဲ့

တချို့က မီးလောင်ပြင်ထဲမှာ
ဆုတ်ရင် စူးမယ့်မာနနဲ့ စားရင်ရူးမယ့်အမုန်းတရားနဲ့

တချို့က ကျောပိုးအိတ်ထဲ ယုံကြည်ချက်ကိုထိုးသိပ်ထည့်
ကျိုးကြေနေတဲ့ ဆင်ကန်းတောတိုးမျှော်လင့်ချက်နဲ့

ဆလိုက် မီးရောင်တွေအောက် မှာ
လွတ်လပ်မှုရဲ့အရသာ စစ်စစ်ကို တကယ်ရပြီလား
ကြယ်တွေ တဖြုတ်ဖြုတ်ကြွေပေးနေတာ
ဆုတောင်းဖို့သက်သက် မှ မဟုတ်တာ။

**လင်းလွန်း**



# အမှန်အတွက် အမှန်ဘက်က PDF

အပြန်လမ်းတစ်လျှောက်လုံး
ပိတ်ချထားပစ်ခဲ့တယ်။

ဦးတည်ချက်စစ်စစ်နဲ့
ခြေလှမ်းများဟာ ရဲရင့်ခဲ့ကြ။

ရည်ရွယ်ရာ ပန်းတိုင်ရောက်ဖို့တော့
သေပန်းတွေ ခဏခဏပွင့်ခဲ့ရတယ်။

တုံးဆိုလည်း တိုက်
ကျားဆိုလည်း ကိုက်သွားပါစေ
စိတ်ဓာတ်သက်သက်နဲ့ ခရီးဆက်မယ်။

လမ်းမရှိလည်း လမ်းဖောက်သွားရုံ
မြစ်တွေ့လဲ ဖြတ်ကူးသွားရုံ
တောင်ရှိလည်း တွယ်တက်သွားရုံ။

ကျည်တွေ တထောင့်ပြီးတထောင့်
ထိုးပစ်လို့ရသလို..
အသက်တွေ တသက်ပြီးတသက်
လဲထည့်လို့မရ။

အဓမ္မခံနေရတဲ့ ပြည်သူ့အတွက်
ဒီလို စတေးထားခဲ့ကြတယ်။

အာဏာရှင်အမြစ်ပြတ်ရေးကတော့
ရင်ဘတ်ပေါ်မှာ သပ်ရိုက်ထားတဲ့
ပြည်သူ့နိုင်ငံတော်ရဲ့အချက်ပေးပဲ။

ဒီတော်လှန်ရေးအတွက်
သွေးကြွေးဖြစ်ခဲ့လို့
ဘာအကြောင်းနဲ့မှ ဆွေးနွေးနေဖို့မလို။

နိုင်တဲ့အထိ ဆက်တိုက်မယ်
နေ့ညမသိ ရာသီမရှိ ကိုယ်ကျိုးနတ္ထိ။ ။



**G3**

# ဆဲချင်း

တစ်ချို့ဒေသတွေဆီ
မီးမလာဘူး
မှောင်ဖို့။

တစ်ချို့ဒေသတွေဆီ
မီးလာတယ်
လောင်ဖို့။

တစ်ချို့ဒေသတွေမှာ
စောစောထချက်ရတဲ့ဒုက္ခနဲ့
တစ်ချို့ဒေသတွေမှာ
စောစောထပြေးရတဲ့ဒုက္ခနဲ့။

ဒုက္ခချင်းသာကွဲတာ
ဆဲရတာချင်းကျ တူတယ်။

ပုဂံခေတ်တုန်းက
လှည်းဝင်ရိုးသံတညံညံ
ဒီခေတ်ကျတော့
ဆဲသံတညံညံ။

စောစောအိပ်လို့
စောစောထလို့
စောစောဆဲကြပါစို့။ ။



**ခန့်ဝါငြိမ်း**




# ဒီနေ့ဟာ အမေ့မျက်ရည်တွေကို ကျော်ခိုင်းခဲ့တာ တစ်နှစ်ပြည့်တဲ့နေ့

ဒီဇင်ဘာ ၃၁ ရက်၊ ၂၀၂၁ ခုနှစ်........

နှင်းရိုက်ထားတဲ့ ဝေလီဝေလင်းမနက်ခင်း၊ အိမ်သားတွေ အိပ်ရာမထခင် အထုပ်တစ်ထုပ်ဆွဲထွက်လာတဲ့ ကျမတွက် ဆိုင်ကယ်ထုတ်ပေးခဲ့တဲ့ မောင်အငယ်ဆုံးလေးက သူ့အစ်မဟာ အိမ်ပြန်လာဖို့ မသေချာတဲ့ခရီးကို ထွက်သွားတဲ့အကြောင်း အဲ့ဒီအချိန်တုန်းက ဘယ်သိခဲ့မလဲ။

"အမေတို့နဲ့ပဲ နေပါ။ ဘယ်မှ သွားမနေပါနဲ့" ဆိုတဲ့ စကားသံတွေနဲ့အတူ အမေ့မျက်ရည်တွေဟာ ကျမသွားမယ့် ခြေလှမ်းတွေကို မရပ်တန့်နိုင်ခဲ့ဘူး။ အမေသိပြီးသားပါလေ။ အမေ့သမီးဟာ တစ်ခုခုကို ဆုံးဖြတ်ချက်ချပြီးပြီဆို ဘယ်အရာကမှ တားဆီးလို့ မရတဲ့အကြောင်း။

၂၀၂၀ ရဲ့ ဆေးရုံနယူးရီးယားပွဲမှာ စင်ပေါ်အတူတွဲကခဲ့တဲ့ စီနီယာအစ်မရဲ့အခန်းထဲ "ဘာမှမကူနိုင်သေးခင် လမ်းမှာ အဖမ်းခံရမလား?" ဆိုတဲ့စိတ်နဲ့ ညီအစ်မနှစ်ယောက် နှစ်သစ်ကိုကြိုခဲ့ကြ။ အစ်မရေ...ဒီနှစ်လည်း မပျော်နိုင်သေးဘူးနော်။ တော်လှန်ရေးကြီးအောင်တဲ့နှစ်မှာ "Happy New Year" လို့ အကျယ်ကြီးအတူတူအော်ချင်သေးရဲ့။

အသက်၂၀ ဝန်းကျင် ပညာသင်နေရမယ့် ကျောင်းသားလေးတွေ ကျမမောင်အရွယ်လေးတွေ တိုင်းပြည်အတွက် အပင်ပန်း အဆင်းရဲခံနေကြတာ အရှင်လတ်လတ်မြင်ရတဲ့အတွက် နောက်ကျနေခဲ့တဲ့ ကျမခြေထောက်တွေကို အခုချိန်ထိ အပြစ်တင်မိနေတုန်း အမေ။

"အဆင်ပြေလား?" လို့အမေမေးတိုင်း ရွှေဘိုစပါးတောက လာခဲ့သူဟာ ပျော့တူးမနပ်ထမင်းတွေလည်း စားတတ်နေပြီဆိုတဲ့အကြောင်း။ အအေးဒဏ်ကို မြွေတစ်ကောင်လိုကြောက်လို့ အခန်းထဲမှာ အပူပေးစက်နဲ့နေတဲ့သူဟာ တောင်ပေါ်ဒေသရဲ့ အအေးဒဏ်ကို အန်တုနေတတ်ပြီဆိုတဲ့အကြောင်း၊ နွေရာသီမှာ လေအေးပေးစက်နဲ့ တစ်ညလုံးအိပ်တဲ့သူဟာ ပူပြင်းခြောက်သွေ့တဲ့ နွေညတွေမှာ ချွေးတလုံးလုံးနဲ့ အိပ်တတ်နေပြီဆိုတဲ့အကြောင်း၊ အိမ်ကမာလကာပင်တောင် မတက်တဲ့သူဟာ မတ်စောက်တဲ့တောင်တွေကို တက်တတ်နေပြီဆိုတဲ့အကြောင်း၊ တောင်ပေါ်ဒေသကပြည်သူတွေဟာ ပညာရေးအသိ ကျန်းမာရေးအသိတွေနောက်ကျနေတဲ့အကြောင်း၊

........အကြောင်း

..........အကြောင်း

အဲ့ဒီအကြောင်းတွေအမေ့ကိုမပြောဖြစ်ခဲ့ဘူး။ကျမအဆင်ပြေပါတယ်အမေ။ရဲဘော်တွေကကျမထက်ပိုပင်ပန်းကြတယ်အမေရဲ့။

"အိမ်က အဆင်မပြေတဲ့ခါတော့ CDM လုပ်ရုံမကပဲ ငါတို့တွေကို ပစ်သွားတဲ့ ညည်းကို လှမ်းအပြစ်တင်မိတယ်" လို့ အမေ့သမီးအငယ်မကပြောတော့ ခပ်တွန့်တွန့်ပြုံးမိသား။ ကျမမှာ ပြန်စရာအိမ်ရှိသေးတယ်။ အဖေ၊ အမေ၊ မောင်၊ ညီမ ခေါ်စရာရှိသေးတယ်။ တချို့ရဲဘော်တွေ မှာ......။ တချို့ပြည်သူတွေမှာ.....။

လူ့အဖွဲ့အစည်းတိုင်းမှာ စုန်းပြူးတွေပါတတ်စမြဲမို့ သတင်းတွေမလှတဲ့အခါ စိတ်ဓာတ်မကျပါနဲ့အမေ။ မှန်မှန်ကန်ကန်နဲ့ အပင်းပန်းခံကြိုးစားနေတဲ့ ရဲဘော်တွေ မြေပြင်မှာ အများကြီးရှိတဲ့အကြောင်း... ၊ အမေ့သားအရွယ်သမီးအရွယ် ရဲဘော်လေးတွေဟာ သူတို့အပေါ်ကျလာတဲ့ ခေတ်ရဲ့ဝန်ကို သူတို့ရဲ့ပုခုံးသေးသေးလေးတွေနဲ့ ကြိုးစားပြီးထမ်းပိုးနေတဲ့အကြောင်း...၊

.......အကြောင်း

.......အကြောင်း

သမီးပြန်လာဖြစ်ရင် ပြောပြချင်သေးတယ် အမေ။

ဒီနေ့ဟာ အမေ့မျက်ရည်တွေကို ကျောခိုင်းခဲ့တာ တစ်နှစ်ပြည့်တဲ့နေ့။

**ပန်းနုဝင်း**






"ဟေ့ကောင်... အခု မြေလတ် ဝက်ပျံက မင်းလား.. ငါလားကွ။"

ဒါက သူနဲ့ ကျနော် ပြန်ဆုံတဲ့အချိန်မှာ ကျနော့်ကို သူ ပထမဆုံးပြောတဲ့ စကား။ ပြောလည်း ပြောချင်စရာပါပဲ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်တုန်းက ကျနော်တို့ ကျောင်းသားသူပုန် တစ်သိုက်ထဲမှာ သူက အဝဆုံး။ ကျနော်က ပိန်ပိန်သေးသေး၊ မဲမဲလေး။ အခုများဖြင့် သူက ဘော်ဒီ သွယ်လျ၊ စမတ်တွေကျ နေချိန်မှာ... ကျနော်က သူ့ထက်ကို ဝလို့၊ ဖောင်းလို့။ ဒီတော့ သူပြောတာကို ကျနော်မှာ ပြိုင်မငြင်းဝံ့။ တကယ်လည်း မှန်နေတာကိုး။

- **ကျောင်းသားခေါင်းဆောင်ဟောင်း မြေလတ် ဝက်ပျံ**

"မြေလတ် ဝက်ပျံ"ဆိုတာက သူ့ကို ကျနော်တို့က ချစ်စနိုးနဲ့ ခေါ်ခဲ့တဲ့ နာမည်။ သူကိုယ်တိုင်ကလည်း ကြိုက်နှစ်သက်တဲ့ နာမည်။ ၂၀၁၂ ခုနှစ် ဝန်းကျင်ကတည်းက သူနဲ့ ကျနော် စတင် ရင်းနှီးခဲ့တာပါ။ အဲ့ဒီတုန်းက သူက ဆေးကျောင်းသား သူပုန်ပေါက်စ။ သူနဲ့ ကျနော်က ပညာသင်ကြားတဲ့ ကျောင်းတွေ မတူကြပေမယ့် တချို့ရက်တွေမှာ ဆုံဖြစ်တဲ့ အချိန်တွေက တစ်ကျောင်းတည်း အတူတက်နေသူတွေထက်တောင် များသေး။ အစည်းအဝေးတွေ၊ လှုပ်ရှားမှုတွေ အတော်များများမှာ သူ့ကို မကွေးဆေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (မ.ဆ.က.သ)ရဲ့ ကိုယ်စားလှယ် အဖြစ် ဆုံရတတ်ပါတယ်။ ဗကသများအဖွဲ့ချုပ်(မြေလတ်ဒေသ)ကို ကြိုးစား တည်ထောင်ချိန်မှာလည်း သူက သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပါသေးတယ်။

သိကြတဲ့အတိုင်း ၂၀၁၂ ဆိုတော့ ကြံ့ခိုင်ရေး အစိုးရလက်ထက်။ အကျဉ်းအကျပ်တွေ ကြားထဲကနေ ကျောင်းနံရံ တစ်ဝိုက်မှာ ဒေါင်းအလံ ပြန်စိုက်နိုင်အောင် ကြိုးစားခဲ့ကြသူတွေဆိုတော့ ရင်ဘတ်ချင်းကလည်း အနီးသား။ ကြုံဆုံရတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေကို အပြန်အလှန် မျှဝေကြ၊ အကြံပေးကြဆိုတော့ ပိုပြီးကို ရဲဘော်ရဲဘက်တွေ ဖြစ်လာခဲ့ပါတယ်။ တစ်ခါတစ်လေ တချို့ကိစ္စတွေမှာ အမြင်မတူလို့ ငြင်းခုန်ခဲ့ကြတာတွေက အခုတော့ လွမ်းစရာ အတိတ်တွေ ဖြစ်လို့။

၂၀၁၅ ဒီမိုကရေစီပညာရေးသပိတ်ကာလ တစ်လျှောက်လုံး ဖြတ်သန်းခဲ့ရတာတွေကတော့ သူမှာရော၊ ကျနော့်မှာပါ မမေ့နိုင်စရာတွေ အပြည့်။ အဲ့ဒီကာလမှာ မြေလတ်ဒေသတစ်ခုလုံး ဟန်ချက်ညီ ချီတက်နိုင်ခဲ့တာတွေက သူ့ရဲ့

အားထုတ်မှုတွေကြောင့်လည်း ပါ,ပါတယ်။ မြေလတ်ဒေသအတွင်းက ကျောင်းတွေမှာ သမဂ္ဂတွေ အပြိုင်းအရိုင်း ပေါ်ပေါက်လာစေဖို့ အဲဒီနောက်တော့ ဗကသများအဖွဲ့ချုပ်(မြေလတ်ဒေသ)ရဲ့ ဦးထိပ်ထားတဲ့ မူတွေနဲ့အညီ မျိုးဆက်အသစ်တွေရဲ့ ကိုယ်စားလှယ် အသစ်တွေကို တာဝန်ကိုယ်စီ လွှဲခဲ့ကြပါတယ်။

- **ကျောင်းဆရာ မြေလတ် ဝက်ပျံ**

သမဂ္ဂကျောင်းသားအဖြစ်ကနေ အနားယူလိုက်ပြီး မရှေးမနှောင်းမှာပဲ ဝက်ပျံ တစ်ယောက် သူ့ရဲ့ ဆေးကျောင်းသား ဘဝကိုပါ ရပ်ဆိုင်းပစ်ခဲ့ပါတယ်။ ဆေးကျောင်းကနေ ထွက်ပြီး အဝေးသင်ကျောင်းသားဘဝကို ခပ်ရဲရဲကြီး ပြောင်းလဲလိုက်ပါတယ်။ အကြောင်းအရင်းကတော့ သူ့ရဲ့ ကျောင်းဆရာလုပ်ချင်တဲ့ ဝါသနာကြောင့်ပါ။ သူက သူဝါသနာပါတဲ့ စာသင်တဲ့ အလုပ်ကို လုပ်နိုင်ဖို့အတွက် ဆေးကျောင်းကနေ ကျောခိုင်းခဲ့တာမလို့ နောင်တရစရာ ဘာမှ မရှိပဲ ပေါ့ပါးနေခဲ့ပါသေးသတဲ့။

ဒါပေသိ … သူ့ရဲ့ မိတ်ဆွေတွေနဲ့ ဆရာသမားတွေထဲက တချို့ကတော့ သူ့ရဲ့ရွေးချယ်မှု အပေါ် ဝေဖန်တာတွေ၊ နှမြောတသ ဖြစ်ရတယ်လို့ ပြောဆိုတာတွေ၊ အပြစ်တင်တာတွေကို သူကြုံခဲ့ရပါတယ်။ သူကတော့ သူရွေးချယ်ထားတဲ့ ဘဝမှာ ပျော်မွေ့ပြီးတော့ ပေါက်မြောက်အောင်မြင်ဖို့ တစိုက်မတ်မတ် ကြိုးစား အားစိုက်နေခဲ့ပါတယ်။ ဒါကြောင့်လည်း အထက်တန်းကျောင်းသားတွေကို စာသင်ပို့ချနေကြတဲ့ မြို့ပြကြီးတစ်ခုက ဆရာလောကမှာ အတိုင်းအတာတစ်ခုအထိ သူ ရပ်တည်နိုင်ခဲ့ပါတယ်။

သူက သူလေ့လာစရာ ရှိတာတွေ လေ့လာရင်း သူ့ရဲ့ လေ့လာထားမှုတွေကို သူ့ကျောင်းသားတွေဆီ ပြန်လည်မျှဝေပြီး ဘဝကို ကျေကျေနပ်နပ်ကြီး ဖြတ်သန်းနေသူပါ။ ဒါပေမဲ့ သမဂ္ဂကျောင်းသားဟောင်း ဆိုတော့ နိုင်ငံရေးလောကနဲ့တော့ သူ အဆက်အသွယ်မပြတ်၊ အထူးသဖြင့် ကျနော်တို့လို ရဲဘော်ရဲဘက်ဟောင်းတွေနဲ့ အဆက်အသွယ် မပြတ်ပါ။ ရံဖန်ရံခါ အကြောင်းတိုက်ဆိုင်ရင် ရဲဘော်ရဲဘက်ဟောင်းတွေ တွေ့ကြ၊ ဆုံကြ ရှိခဲ့ပါတယ်။ ဒီလို ဆုံကြတဲ့အခါ သူ့ရဲ့ နိုင်ငံရေးကိစ္စတွေကို မပြတ် လေ့လာနေမှု၊ သမဂ္ဂ အပေါ် သံယောဇဉ်ကြီးမှုနဲ့ ခံယူချက်၊ ရပ်တည်ချက်တွေဟာ မပြောင်းမလဲ ခိုင်မာဆဲဆိုတာကို တွေ့ခဲ့ရပါတယ်။

- **ကျောင်းသားတပ်မတော်က ကျောင်းဆရာ**
- 

ကျောင်းသားအရေးတွေ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေနဲ့ ပညာရေးကိစ္စတွေမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့တဲ့ ကျောင်းဆရာ တစ်ဖြစ်လဲ မြေလတ် ဝက်ပျံဟာ နွေဦးတော်လှန်ရေးကြီးမှာလည်း တုံ့ဆိုင်းနေခဲ့တဲ့သူ မဖြစ်ခဲ့ပါဘူး။ တော်လှန်ရေးရဲ့ အစောပိုင်းကာလမှာကတည်းက သူရောက်နေတဲ့ မြို့ပြကြီးရဲ့ လူထုလှုပ်ရှားမှုတွေထဲမှာ ဆက်တိုက် ပါဝင်ခဲ့ပါတယ်။ အဲ့ဒီနောက် သူဟာ စစ်အုပ်စုရဲ့ အဖမ်းအဆီးတွေကို တိမ်းရှောင်ရင်း ရဲဘော် ရဲဘက်ဟောင်းတွေနဲ့ ချိတ်ဆက် ဆောင်ရွက်မှုတွေ လုပ်ခဲ့ပါတယ်။

နောက်ဆုံးမှာတော့ တော်လှန်ရေးနည်းနာတွေထဲကနေ လက်နက်ကိုင်တော်လှန်ရေး တပ်သားအနေနဲ့ ဆက်လက် တော်လှန်ဖို့ သူရွေးချယ်ခဲ့ပါတယ်။ ဒီတော့ ABSDF လို့ခေါ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးကို ဆက်သွယ် အရောက်သွားပြီး စစ်ပညာသင်ကြားခဲ့ပါတယ်။ အခုတော့ တိုက်ပွဲ အတွေ့အကြုံတွေပါ အတော်အတန် ရှိထားတဲ့ ပြည်သူ့စစ်သား အရင့်အမာကြီး ဖြစ်နေပါပြီ။ တစ်ချိန်က ဆူဖြိုးခဲ့တဲ့ မြေလတ် ဝက်ပျံကို အခုနေများ မိတ်ဆွေဟောင်းတွေ ဆုံကြရင် အတော့်ကို အံ့သြကြမှာပါ။ အဆီပိုမရှိပဲ ကျစ်လျစ်နေတဲ့ သူ့ကို ကျနော်က ချီးမွမ်းတဲ့အခါ သူက "ဟ… ငါက အသက်ကို နောက်ပြန်သွားနေတာကွ… ဒါကြောင့် ငါက နုလာတာ"လို့ ပြန်ပြောပါသေးတယ်။ သူ့မှာ စကားလုံး ကြီးကြီးတွေပြောတတ်တဲ့ ကျောင်းသား သူပုန်စရိုက်ကတော့ မပြောင်းသေးတာကို တွေ့နိုင်ပါသေးတယ်။

ကိုယ်ခန္ဓာ အလေးချိန် ပေါင် (၂၀၀) ကျော်လောက်နဲ့ စစ်သင်တန်း ပြီးအောင် ဖြတ်ကျော် ကြိုးစားနိုင်ခဲ့တဲ့ သူ့ရဲ့ ဇွဲနဲ့ စိတ်ဓာတ်ခိုင်မာမှုကတော့ တကယ့်ကို မလေးစားပဲ မနေနိုင်ပါဘူး။ သူဟာ အရက်သေစာကို လုံးဝ ရှောင်ကြဉ်ထားတဲ့

သူလည်း ဖြစ်၊ စည်းကမ်း သေဝပ်မှုလည်း ရှိတာကြောင့် သူဟာ တော်လှန်ရေး ရဲဘော်ကောင်း တစ်ဦး ဖြစ်ကြောင်းလည်း ကျနော် ကြားသိနေရပါတယ်။

- **ကလောင်တပ်သား ကျောင်းဆရာ**

ကျောင်းဆရာ ဉာဉ် မပျောက်တဲ့ ရဲဘော် မြေလတ် ဝက်ပျံဟာ သူ့အတွေ့အကြုံတွေနဲ့ တော်လှန်ရေးကို အားရှိစေမယ့် ကိစ္စတွေကို အများသူငါကို ပြန်လည် မျှဝေချင်တဲ့ စိတ်တွေလည်း ပြင်းပြနေပါတယ်။ ဒါကြောင့် သူဟာ "ကျောင်းဆရာ" ဆိုတဲ့ ကလောင်နဲ့ တိုက်ပွဲ အတွေ့အကြုံတွေ၊ တော်လှန်ရေးထဲက ဖြစ်ရပ်တွေကို ရေးသားပြီး အတွေးအခေါ် တော်လှန်ရေး တပ်သား အနေနဲ့ပါ တာဝန် ထမ်းဆောင်နေပါသေးတယ်။

မြေပြင်က ကိစ္စရပ်တွေနဲ့ အတွေ့အကြုံတွေကို ဆောင်းပါးတွေ အဖြစ် အချိန်အားတိုင်း ရေးသားပေးပို့ဖို့ အားစိုက်နေတဲ့ သူဟာ ရံဖန်ရံခါ သူ့ရဲ့ အလွမ်း အဆွေးတွေကို ကဗျာအဖြစ်လည်း ရေးဖွဲ့တတ်ပါတယ်။ သူ့ ချစ်သူ အမျိုးသမီးလေးကို လွမ်းဆွေးတမ်းတလေလေ တော်လှန်ရေး တာဝန်တွေကို ပိုပြီး အားစိုက်လေလေပါလို့ သူက ပြောတတ်ပါသေးတယ်။

သူ့ကို ကျနော်က အစစအရာရာ ဂရုစိုက်ဖို့ မှာတဲ့အခါ သူက " ငါက Immortal ကွ။ မင်းသာ ဂရုစိုက်"လို့ ပြန်ပြောလေ့ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဝက်ပျံရေ... Immortalလည်း သေချာတော့ ဂရုစိုက်ပါကွာ။ ငါတို့ ဆက်ဆက် ပြန်ဆုံကြမယ်။ ဆုံရင် မင်းရဲ့ အတွေ့အကြုံတွေကို ဦးသောင်းဆိုင်မှာ ရေနွေးအိုး တစ်အိုးပြီး တစ်အိုး ထိုင်သောက်ပြီး နားထောင်ကြမယ်ကွာ။ မင်းလို သူငယ်ချင်းမျိုး၊ ရဲဘော်ရဲဘက်မျိုးကို ရထားတာ ငါ့အဖို့တော့ ဂုဏ်ယူလို့ မဆုံးပါဘူးကွာ။"

- **မြေလတ် ဝက်ပျံ**
- **ကျောင်းသားခေါင်းဆောင်ဟောင်း**
- **ကျောင်းဆရာ**
- **တော်လှန်ရေး ရဲဘော်**
- **ကလောင်တပ်သား**

**ကောင်းသောဝ်**




မအလ
ရှုံးနေပြီဆိုတာ
သူ့နောက်လိုက်ငယ်သားတွေ
မသိဘူးလားကွာ
ဦးနေဝင်း ...
ဦးသန်းရွှေခေတ်
အဆက်ဆက်
တပ်မိသားစု အကုန်လုံး
အရှုံးခေါင်းထိုးခဲ့လာရတာ
ဆိုတော့ အကုန်ရှုံးနေမှာ
2023






# ၂ နှစ်ပြည့် နွေဦးလည်ပြန်

သစ္စာတည်၊ မင်းနွေ

လာမည့် ၂၀၂၃ ဖေဖော်ဝါရီလရောက်လျှင် စစ်တပ်အာဏာသိမ်းသည့် နှစ်နှစ်ပြည့်ကာလသို့ ရောက်ရှိလာချေတော့မည်။ ဤ ၂ နှစ်တာကာလအတွင်း ဖြစ်ပျက်ခဲ့မှုများသည် ပြည်သူတို့၏ အတွေးအာရုံတွင် တရိပ်ရိပ်ပြေးနေကောင်း ပြေးနေပေလိမ့်မည်။ “တို့ပြည်သူတွေ ညီရဲ့လားဟေ့.... ညီတယ်ဟေ့... ညီတယ်ဟေ့” ဟု ကြွေးကြော်ကာ အားကောင်းမောင်းသန်ရှိခဲ့သည့် ဆန္ဒပြသပိတ်တိုက်ပွဲများ၊ “ထိီးဖြူဆောင်းမင်းကိုသာ သစ္စာခံမည်” ဟု ကြွေးကြော်ပြီး လက်ရှိရာထူးများကို စွန့်လွှတ်ကာ အာဏာဖီဆန်ကြသော CDM လှုပ်ရှားမှုများ၊ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ မြန်မာ့အရေး တုံ့ပြန်ပုံများ၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး “တောင်းယူလို့မရရင် တိုက်ယူမယ်” ဆိုကာ ပေါ်ပေါက်လာသည့် လက်နက်ကိုင်တော်လှန်ရေးများ၊ အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် တော်လှန်ရေးဦးဆောင်အဖွဲ့များ အသီးသီးပေါ်ထွန်းလာပုံများ စသည်ဖြင့် ၂ နှစ်အတွင်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။ နွေဦးတော်လှန်ရေးကို လည်ပြန်ပြန်ကြည့်ပါက ခွန်အားဖြစ်ဖွယ်ကိစ္စများ၊ အစားထိုးမရသော ဆုံးရှုံးမှုများ၊ အချင်းချင်းဖေးမကူညီမှုများ စသည်ဖြင့် တွေ့ရနိုင်ပါသည်။ ထို့ကြောင့် ဤ ၂ နှစ် တာကာလအတွင်း ဖြစ်ပျက်ခဲ့သည်များကို လည်ပြန်ကြည့်ပါက မည်သည့်အရာများ အောင်မြင်ခဲ့သလဲ၊ မည်သည့်အရာများ ဆုံးရှုံးခဲ့သလဲနှင့် အတိတ်အဖြစ်အပျက်များမှ မည်သို့သင်ခန်းစာယူကြမည်လဲဆိုသည့် အချက်များကို ဆပွားစဉ်းစားနိုင်မည်ဟု ထင်မြင်မိပါသည့်အတွက် ဤဆောင်းပါးအား ရေးသားထားခြင်းဖြစ်ပါသည်။ ဤဆောင်းပါးအတွက် သတင်းရင်းမြစ်များကို လက်လှမ်းမီရာ သတင်းဌာနများဆီမှ စုစည်းရယူထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေနှင့် ကိုက်ညီမှု မရှိသော ရေးသားချက်များရှိပါက အချက်အလက်ရှာဖွေစုဆောင်းရာတွင် လိုအပ်မှုရှိသည့် ဆောင်းပါးရေးသူ မိမိတို့၏ အားနည်းချက်ပင် ဖြစ်ပါသည်။

## ပြည်သူတို့၏ သပိတ်တိုက်ပွဲများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ တွင် ဆက်သွယ်ရေးအားလုံး ပြတ်တောက်သွားသည့်နောက် စစ်တပ်ပိုင် မီဒီယာများမှတဆင့် အာဏာသိမ်းခြင်းကို ပြည်သူများ သိရှိခဲ့ကြရပါသည်။ ထိုအဖြစ်အပျက်သည် မြန်မာတပြည်လုံး မှင်သက်သွားသည့်အချိန်ကာလဟု ဆိုရပေလိမ့်မည်။ “ဘာဆက်လုပ်ကြမလဲ” နှင့် “မတရားဘူး ခံပြင်းလိုက်တာ” ဆိုသည့် မချိတင်ကဲဖြစ်မှုများ ဖြစ်ပွားနေခဲ့ကြပါသည်။

သိပ်မကြာခင်တွင် “စစ်အာဏာသိမ်းခြင်းကို တခဲနက်ဆန့်ကျင်ကြဖို့ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း” ဆိုသည့် စာသည် လူမှုကွန်ရက်ပေါ်တွင်

ပျံ့နှံ့လာပြီး လူအများကြားတွင် ဝေဝါးနေခဲ့ကြသည်။ ထို့အပြင် "၇၂ နာရီ ငြိမ်သက်စွာနေဖို့" နှင့် "အမေစုသည် အကြမ်းမဖက်သည့်နည်းကိုသာ တစိုက်မတ်မတ်သွားသည်မို့ ငြိမ်းချမ်းစွာ နေထိုင်ဖို့" ဆိုသည့် ဆော်ဩမှုများလည်း ပေါ်ပေါက်လာခဲ့သည်။ အာဏာသိမ်းမှုနှင့် မရှေးမနှောင်းပေါ်လာသော အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လူမှုကွန်ရက်စာမျက်နှာသည် Civil Disobedience Movement (Civil Disobedience Movement |Facebook) ဖြစ်ပြီး ပထမဆုံးဆန္ဒပြသူများမှာ အမေရိကန်၊ ထိုင်းနှင့် ဂျပန်ရောက်မြန်မာများပင်ဖြစ်သည်။ တန်ပြန်ဆန္ဒပြမှုများ အဖြစ် တပ်မတော် ထောက်ခံပွဲကို ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ပြုလုပ်သွားခဲ့သည်။

အာဏာသိမ်းစ ပထမနေ့တွင် ပြည်တွင်း၌ လမ်းမပေါ် ထွက်လာသည့် သပိတ်များ မရှိသေးသည့်တိုင်အောင် လူထုအကြား တိုးတိုးတိတ်တိတ် တိုင်ပင်သံတို့ကား အချိန်နှင့်အမျှ ပေါ်ထွက်လာသည်။ ဒုတိယနေ့တွင်ကား ပြည်ပရောက် မြန်မာများ ဆက်လက်လှုပ်ရှားကြပြီး ပြည်တွင်း အစိုးရဝန်ထမ်းများအကြားတွင်တော့ အုပ်စုနှစ်စု စတင်ကွဲလေသည်။ ထိုနှစ်စုကား RRM (Red Ribbon Movement) ဟုခေါ်သော ဖဲကြိုးနီ လှုပ်ရှားမှုနှင့် CDM (Civil Disobedience Movement) ဟုခေါ်သည့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတို့ပင်ဖြစ်သည်။ မြို့ကြီးများတွင် "သံပုံးတီး" သည့် ဆန္ဒပြခြင်းကို စတင်လုပ်ဆောင်လာခဲ့ကြပြီး "သံပုံးတီး ဆန္ဒထုတ်ဖော်ခြင်း" ကို တကာသအဖွဲ့အပါအဝင် စုစုပေါင်း ၁၇ ဖွဲ့က ဦးဆောင်ဆော်ဩခဲ့ကြသည်။

တတိယမြောက်နေ့တွင် လူမှုကွန်ရက် မီဒီယာပေါ်၌ CDM လှုပ်ရှားမှုများ အားကောင်းလာလေသည်။ သို့သော် မြေပြင် လှုပ်ရှားမှုများ မရှိသေးပေ။ လေးရက်မြောက်နေ့တွင် ဒေါက်တာတေဇာစန်း ပါဝင်သည့် အဖွဲ့မှ မန္တလေးဆေးတက္ကသိုလ်ရှေ့တွင် စတင်ဆန္ဒပြခြင်းမှတဆင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးတချို့သို့ ကူးစက်ပျံ့နှံ့သွားတော့သည်။ CDM လှုပ်ရှားမှုများသည်လည်း ပိုမိုအားကောင်းလာပြီး ကျန်းမာရေးဝန်ထမ်းအများအပြား ပိုမိုပါဝင်လာခဲ့သည်။ ထိုသို့ဆန္ဒပြခြင်းများကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲဖြစ်ပါက တပ်မတော်ဆေးရုံများတွင် လာရောက်ပြသနိုင်ကြောင်းနှင့် ဆရာဝန်တို့၏ ကတိသစ္စာကို လိုက်နာရန် လိုအပ်ကြောင်းကို တပ်မတော်ဘက်မှ ထုတ်ပြန်ပြီး ကျန်းမာရေးဝန်ထမ်းများအား တိုက်ခိုက်ခဲ့ လေသည်။ ကျန်းမာရေးဝန်ထမ်းများမှ ဦးဆောင်သည့် CDM လှုပ်ရှားမှုသည် အခြားဌာနများသို့ ကူးစက်ကာ တနိုင်ငံလုံးအတိုင်းအတာဖြင့် များစွာ အောင်မြင်ခဲ့လေသည်။

ထို့ပြင် ညစဉ်ရှစ်နာရီအချိန်တိုင်း သံပုံးတီးသံတို့သည်လည်း တနိုင်ငံလုံးအနှံ့ ပျံ့နှံ့ခဲ့လေသည်။ သံပုံးတီးခြင်းကြောင့် ဖမ်းဆီးခံရမှုသည် ဖေဖော်ဝါရီလ ၄ ရက်ညတွင် မန္တလေးမြို့တွင် ဖြစ်ပွားခဲ့ပြီး အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အစိုးရဝန်ထမ်းများ ဖမ်းဆီးခံရမှုသည်လည်း ထိုနေ့တွင် စတင်ခဲ့လေသည်။

အာဏာသိမ်းပြီး ခြောက်ရက်မြောက်နေ့တွင် လူထုပါဝင်မှု အရှိန်မြင့်လာပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် လူဦးရေများစွာ ပါဝင်လာခဲ့သည်။ ထိုအရှိန်အား တန့်သွားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် "ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပြီ" ဆိုသည့် သတင်းအမှားကို အချိန်ကိုက်ဖြန့်ချိခဲ့လေသည်။ သို့သော် လူထုပါဝင်မှုသည်ကား လျော့ကျမသွား။ "ညမထွက်ရ" အမိန့်နှင့် "ငါးယောက်ထက် လူပိုမစုရ" အမိန့်တို့ ထုတ်ပြန်သည့်တိုင်အောင် လူထုသည် ငြင်းဆန်အာခံပြီး ဆက်လက်ဆန္ဒထုတ်ဖော်ကြလေသည်။ ရှစ်ရက်မြောက်နေ့တွင် တပြည်လုံး အတိုင်းအတာဖြင့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး ကိုးရက်မြောက်နေ့တွင် ကျည်အစစ်ကို အသုံးပြု၍ ဆန္ဒပြမှုကို ဖြိုခွင်းခဲ့သည့်အတွက် နေပြည်တော်မှ မမြသွဲ့သွဲ့ခိုင် ကျဆုံးခဲ့ရလေသည်။

ထို့နောက် ဆန္ဒပြသူများမှာ တစစ များပြားလာပြီး ရန်ကုန်မြို့တမြို့တည်းမှာပင် သန်းချီသော လူထုစုဝေးမှုဖြင့် ဆန္ဒထုတ်ဖော်လာနိုင်ကြသည်။ ထိုသို့သော လူထုစုဝေးမှုသည် တနိုင်ငံလုံး အတိုင်းအတာရှိသည့်အတွက် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရယူလာနိုင်ခဲ့ကြပြီး ထိုအာရုံစိုက်မှုအား လျော့ကျမသွားစေရန် မြေပြင်လှုပ်ရှားမှုများအပြင် လူမှုကွန်ရက်အသုံးပြု၍ လှုပ်ရှားမှုများသည်လည်း တစတစ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဖေ့စ်ဘုတ်၊ တွစ်တာ စသည့် လူမှုကွန်ရက်များကို အသုံးပြုမရအောင် စစ်ကောင်စီမှ ပိတ်ပင်ခဲ့သော်လည်း ပြည်သူများမှ ကြိုးစားကျော်လွှားကာ နိုင်ငံတကာ စာမျက်နှာများတွင် မြန်မာနိုင်ငံအကြောင်း Trending ဖြစ်နေအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ဤအရာသည်ပင် ဒစ်ဂျစ်တယ် ဆန္ဒထုတ်ဖော်မှုများအဖြစ် လူထုကြားထဲတွင် စိမ့်ဝင်ပျံ့နှံ့သွားခဲ့လေသည်။

ထို့အပြင် ၂၂၂၂၂ (နှစ်ငါးလုံး) ပြည်လုံးကျွတ်သပိတ်၊ သနပ်ခါး လှုပ်ရှားမှု၊ Milk Tea Alliance စသည့် ပြည်လုံးကျွတ်သပိတ်များကို ဖော်ဆောင်ခဲ့ကြသည်။ သပိတ်များ ဆက်လက်ဖော်ဆောင်နိုင်သည့် နည်းတူ မတ်လတွင် ဆန္ဒပြသူ သေဆုံးသည့်နှုန်း တရိပ်ရိပ်တက်လာလေတော့သည်။ ဆန္ဒပြပွဲများကား အရှိန်မလျော့ ဆက်လက်လှုပ်ရှားနေဆဲပင်။ ဆန္ဒပြရင်း သေဆုံးခဲ့ရသူ

များအား ဝမ်းနည်းကြောင်းအထိမ်းအမှတ်အနေဖြင့် ညသပိတ်လှုပ်ရှားမှုများ အားကောင်းလာသလို၊ စစ်တပ်ထုတ်ကုန်များကို သပိတ်မှောက်သည့် လှုပ်ရှားမှုသည်လည်း အားကောင်းလာလေသည်။ စစ်တပ်ထုတ်ကုန်များကို သပိတ်မှောက်ကြရန်နှင့် ထိုထုတ်ကုန်များအား လူထုအနေဖြင့် အလွယ်တကူ သိရှိနိုင်အောင် လူငယ်တစုမှ (Way Way Nay) application ကို ဖန်တီးခဲ့ပြီး ထုတ်ကုန်သပိတ်မှောက်ခြင်းကို လှုံ့ဆော်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုကြောင့် စစ်တပ်ထုတ်ကုန်များထဲမှ လူကြိုက်အများဆုံးဖြစ်သော မြန်မာဘီယာသည် ရောင်းအားများစွာကျဆင်းခဲ့ လေသည်။

လူမဲ့သပိတ်၊ အရုဏ်ဦးသပိတ်၊ ထိုင်သပိတ်၊ အသံမဲ့သပိတ် စသော သပိတ်နည်းလမ်းပေါင်းစုံကို မြေပြင်တွင် ထုတ်ဖော်လှုပ်ရှားခဲ့ကြသလို လူမှုကွန်ရက်ပေါ်တွင်လည်း သပိတ်ပုံစံမျိုးစုံဖြင့် ဆန္ဒထုတ်ဖော်မှုများလည်း ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတကာသို့ သတင်းစကား ရောက်နိုင်သော လမ်းကြောင်းများထဲမှ တခုဖြစ်သော CNN သတင်းဌာန ရောက်ရှိချိန်တွင် ပြည်သူများသည် နည်းပေါင်းစုံဖြင့် သတင်းထောက်ထံသို့ ချဉ်းကပ်ကာ သတင်းစကားပါးခဲ့ကြသည်။

စစ်ကောင်စီ၏ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကို ၂၀၂၁ မတ်လအတွင်း ကရင်ပြည်နယ်တွင် စတင်လုပ်ဆောင်ခဲ့ပြီးထိုတိုက်ခိုက်မှုကြောင့်ဒေသခံတသောင်းကျော် ထွက်ပြေးတိမ်းရှောင် ခဲ့ရသလို ဧပြီလအစောပိုင်းတွင်လည်း ကချင်ပြည်နယ်တွင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ပြန်သည်။ ဆန္ဒပြစဉ်သေဆုံးသည့် လူဦးရေ တရိပ်ရိပ်တိုးလာသည့်အတွက် ဆန္ဒထုတ်ဖော်မှုမှသည် လက်နက်ကိုင် ခုခံမှုဆီသို့ အသွင်ပြောင်းရန် မတ်လနောက်ဆုံးအပတ်တွင် တာဆူခဲ့ပြီး ဧပြီလဒုတိယအပတ်တွင် ကလေးမြို့တာဟန်းသပိတ်ဆီမှ သတင်းမီဒီယာတွင် စတင် ပြောကြားလာခဲ့သည်။ မြန်မာလူမျိုးတို့ အပျော်ကြီး ပျော်ကြသော အတာသင်္ကြန်ပွဲတော်သည်ပင်လျှင် အာဏာသိမ်းကာလတလျှောက်လုံး စည်ကားခြင်းမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်စွာဖြင့် ဖြတ်သန်းခဲ့ကြသည်။

ထို့နောက် "သွေးမအေးသပိတ်" ကို ရန်ကုန်မြို့ကြီးများတွင် ဆက်လက်တိုက်ပွဲဝင်သကဲ့သို့ ချင်းပြည်နယ်တွင် Chinland Defense Force (CDF) အမည်ဖြင့် ပြည်သူကို ကာကွယ်ရန် ပြည်သူ့ကာကွယ်ရေးအဖွဲ့ စတင်ပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် ကနီဒေသတွင်လည်း ပြည်သူကို ကာကွယ်နိုင်ရန်အတွက် တူမီးသေနတ်ကိုင်ဆောင်ခြင်းများအား တားဆီးရေး စစ်ကောင်စီ၏ ကြိုးပမ်းမှုများကိုလည်း ဆက်တိုက်ဆိုသလို မြင်တွေ့ခဲ့ရလေသည်။ အာဏာသိမ်းပြီး သုံးလကျော်အတွင်း အထက်ပါအကြောင်းအရာများ ဆင့်ကာဆက်ကာ ဖြစ်ပွားခဲ့သလို တဖက်တွင်လည်း စစ်အာဏာသိမ်းမှုနှင့် အကြမ်းဖက်မှုများကြောင့် ကလေးသူငယ်သေဆုံးမှု ၅၀ ကျော်ထိ ရှိလာခဲ့သည်။

ဤသို့ဖြင့် မြေပြင်သပိတ်နှင့် လက်နက်ကိုင်တိုက်ပွဲဝင်များအား အချိုးညီညီ လှုပ်ရှားနေကြသည်မှာ ယခုအချိန်ထိပင် ဖြစ်သည်။ အခြေအနေ၊ အချိန်အခါနှင့်လိုက်လျောညီထွေသော တော်လှန်ရေးဆောင်ပုဒ်များကို အသုံးပြု၍ ပြည်သူ့အသံကို ဆက်လက်ထုတ်ဖော်နေသော မြေပြင်ဆန္ဒပြမှုများသည် မြို့ကြီးများတွင် ဆိတ်သုဉ်းလာသော်လည်း နယ်ဘက်ကျေးလက်များတွင် ဆက်လက်လှုပ်ရှားနေကြဆဲပင် ဖြစ်သည်။ "သွေးမအေးတဲ့ ရွှေနှယ်သွေး သပိတ်"၊ "ဖားကန့်မြို့သပိတ်"၊ "ကလေးမြို့သပိတ်" နှင့် "အောင်မြေသာစည် သပိတ်"များကား ဆက်လက် ဆင်နွှဲနေကြဆဲပင်ဖြစ်သည်။ လူမှုကွန်ရက်မှတဆင့် သံဃာတော်တို့ ဦးဆောင်လှုပ်ရှားမှုဖြစ်သည့် "အာဏာရှင်ကို မလိုလား ဘုရားသားတော်များ" သပိတ်သည်လည်း အရှိန်တန့်သွားခြင်း မရှိ ဆက်လက်တိုက်ပွဲဝင်နေကြဆဲပင် ဖြစ်သကဲ့သို့ အာဏာသိမ်းစက R2P နှင့် နိုင်ငံတကာကို မျှော်လင့်စောင့်စားခဲ့ကြသော ပြည်သူအများသည် "ကယ်တင်ရှင် မရှာ ဒို့ကျေးရွာ" ဆိုသည့် လက်တွေ့ကျကျ ချဉ်းကပ်မှုများဆီသို့ အသွင်ကူးပြောင်းလာခဲ့သည်။

အာဏာသိမ်းစက လှုပ်ရှားခဲ့သော ပြည်သူများ၏ မြေပြင်လှုပ်ရှားမှုများသည် ယခုအချိန်တွင် သိသာစွာ လျော့ကျလာသော်လည်း လက်နက်ကိုင်တော်လှန်ရေးတပ်များသို့ ထောက်ပို့ပေးသော လမ်းကြောင်း များသည် ယခုအချိန်ထိ အသက်ဝင်နေဆဲပင် ဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါ၏ လှိုင်းအမျိုးမျိုး၊ စစ်ကောင်စီ၏ ကန့်သတ်ချက် အမျိုးမျိုး၊ ငွေကြေးဆိုင်ရာ နစ်နာဆုံးရှုံးမှု၊ စစ်ကောင်စီ၏ မီးရှို့ဖျက်စီးမှုများ ကြားထဲကပင် လူးကာလိမ့်ကာနှင့် ပြည်သူများ ဆက်လက်ရုန်းကန်ရှင်သန်နေဆဲဖြစ်သည်။

ဆက်ရန်...

**သစ္စာတည်၊ မင်းနွေ**




**ဆိုရှယ်လစ်လစ်ဝါဒ၏အဓိက အိုင်ဒီယာများ**
**(Key Idea of Socialism )**

**လူမှုအသိုက်အဝန်း (Community)**

ဆိုရှယ်လစ်စနစ်၏ အဓိကအချက်မှာ ဘုံလူသားဖြစ်တည်မှုဖြင့် ချိတ်ဆက်ထားသော လူမှုသတ္တဝါများ အဖြစ် လူသားတို့အား ရှုမြင်ခြင်းဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လက္ခဏာကို လူမှုဆက်ဆံရေး နှင့် လူမှုရေးအစုအသင်းများနှင့် စုပေါင်းအဖွဲ့များ၏ အဖွဲ့ဝင်အဖြစ် စဉ်းစားသည်။

ဆိုရှယ်လစ်များသည် သဘာဝတရားထက် ပြုစုပျိုးထောင်မှုကို အလေးပေးလိုကြပြီး တစ်ဦးချင်းစီ၏ အမူအကျင့်များကို မွေးရာပါအရည်အသွေးများထက် လူမှုရေးဆိုင်ရာအချက်များနှင့်ပတ်သက်၍ ဖြစ်တည်ကြောင်း အဓိကအားဖြင့် ရှင်းပြလိုကြသည်။

**ချစ်ကြည်ခြင်း (Fraternity)**

လူသားများသည် သာမာန်လူ့သဘာဝကို မျှဝေသကဲ့သို့၊ ပေါင်းသင်းဆက်ဆံခြင်း သို့မဟုတ် ညီရင်းအစ်ကိုဟူသော ခံစားချက်ဖြင့်အတူတကွ ချည်နှောင်ထားသည်။ ဆိုရှယ်လစ်များသည် ပူးပေါင်းဆောင် ရွက်မှုကို ပြိုင်ဆိုင်မှုထက်၊ စုပေါင်းဝါဒကို တစ်သီးပုဂ္ဂလဝါဒထက် ပိုနှစ်သက်ကြသည်။ ပူးပေါင်း ဆောင်ရွက်မှုသည် လူများအား ၎င်းတို့၏ စုပေါင်းစွမ်းအင်များကိုစုစည်းစေပြီး အသိုက်အဝန်း ၏ နှောင်ကြိုးများကို ခိုင်ခံ့စေသည်။ ပြိုင်ဆိုင်မှုသည် လူတစ်ဦးချင်းစီအား အချင်းချင်းရန်ငြိုးဖွဲ့ခြင်း၊ ပဋိပက္ခများနှင့် ရန်လိုမုန်းတီးမှုများကို ပေါက်ဖွားစေသည်ဟု ယူဆကြသည်။

**လူမှုတန်းတူညီမျှမှု (Social equality)**

တန်းတူညီမျှမှုသည် ဆိုရှယ်လစ်စနစ်၏ အဓိကတန်ဖိုးဖြစ်သည်။ ဆိုရှယ်လစ်စနစ်ကို တခါတရံတွင် တန်းတူညီမျှရေးဝါဒ၊ အခြားတန်ဖိုးများထက် တန်းတူညီမျှမှုအား ဦးစားပေးခြင်းရှိသည့် ဝါဒအဖြစ် တွေ့မြင်ရသည်။ ဆိုရှယ်လစ်များသည် အခွင့်အလမ်း တန်းတူညီမျှမှုထက် ရလဒ်တန်းတူညီမျှခြင်းကို အလေးပေးကြသည်။ လူမှုရေးတန်းတူညီမျှမှုသည် လူမှုရေးတည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်မှု၏ မရှိမဖြစ် အာမခံချက်ဖြစ်ပြီး၊ လူတစ်ဦးချင်းစီအား လူသားအချင်းချင်းအမှတ်သရုပ်လက္ခဏာ တူဟု သတ်မှတ်ရန် အားပေးတိုက်တွန်းသည်။ ဥပဒေနှင့် နိုင်ငံရေးအခွင့်အရေးများ ကျင့်သုံးခြင်းအတွက် အခြေခံကိုလည်း ပံ့ပိုးပေးပါသည်။ သို့သော် ဆိုရှယ်လစ်များက လူမှုရေးတန်းတူညီမျှမှု အတိုင်းအတာကို ဖော်ဆောင်သည်နှင့် ပတ်သက်၍ သဘောထားကွဲလွဲကြသည်။ မာ့က်စ်ဝါဒီများက ထုတ်လုပ်ခြင်းမှ ဓနဥစ္စာများကို စုဆောင်းခြင်းဖြင့် ဖြစ်ပေါ်လာသော အကြွင်းမဲ့လူမှုတန်းတူညီမျှမှုကို ယုံကြည်ကြပြီး ၊ ဆိုရှယ်ဒီမိုကရက်များကမူ

ရုပ်ပိုင်းဆိုင်ရာမညီမျှမှုများကို ကျဉ်းမြောင်းစေရုံမျှသာ နှစ်သက်ကြပြီး ရလဒ်များထက် သာတူညီမျှအခွင့်အရေးများကို ပိုအလေးထားလေ့ရှိကြသည်။

**လိုအပ်မှုအခြေခံ (Need)**

တန်းတူညီမျှမှုအတွက် စာနာစိတ်သည် အရည်အသွေးအလျောက်သာ ကြီးပွားတိုးတက်နိုင်မှု သို့မ ဟုတ် အလုပ် အပေါ်အခြေခံခြင်းထက် လိုအပ်မှုအပေါ်ဖြည့်ဆည်းမည့်အခြေခံဖြင့်ပစ္စည်းအကျိုးအမြတ်များအား ဖြန့်ဝေသင့်သည်ဟု ဆိုရှယ်လစ်များကယုံကြည်ကြသည်။ ဤအခြေခံသဘော တရား၏ ဂန္ထဝင်ပုံစံကို မာ့က်စ်ဝါဒီတို့၏ ဓနဥစ္စာဖြန့်ဝေရေးနိယာမတွင် တွေ့ရှိရသည်- ' စွမ်းသမျှ တစ်ယောက်စီတိုင်းထံမှ လိုအပ်ရာမှုရှိနေသော တစ်ယောက်ချင်းဆီသို့ ' ဟူသည့်သဘော အမြင် ဖြစ်သည်။ အခြေခံလိုအပ်ချက်များ (ဆာလောင်မှု၊ ရေငတ်မှု၊ အမိုးအကာ၊ ကျန်းမာရေး၊ ကိုယ်ရေး ကိုယ်တာ လုံခြုံရေးစသည်ဖြင့်) ပြည့်စုံကုံလုံခြင်းသည် လူ့ဘဝနှင့် လူမှုဘဝတွင် ပါဝင်နိုင်မှုတို့အတွက် ရှိရမည်ဖြစ်သောလိုအပ်ချက်ဖြစ်သည်။

**လူမှုအဆင့်အတန်း (Social class )**

ဆိုရှယ်လစ်စနစ်သည် လူတန်းစားနိုင်ငံရေးပုံစံတခုခုဖြင့် ချိတ်ဆက်နေတတ်သည်။ ဆိုရှယ်လစ်များ သည် ဝင်ငွေ (သို့) ဓနဥစ္စာကြွယ်ဝမှု ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာလေ့ ရှိကြပြီး၊ လူမှုအဆင့်အတန်းကို သိသာထင်ရှားသောလူမှုရေး ကွဲလွဲမှုတစ်ခုအဖြစ် မြင်သည်။

ဆိုရှယ်လစ်စနစ်သည် အဖိနှိပ်ခံ၊ အမြတ်ထုတ်ခံအလုပ်သမားလူတန်းစား၏ အကျိုးစီးပွားများနှင့် ဆက်စပ်နေပြီး အလုပ်သမားလူတန်းစားအား လူမှုပြောင်းလဲမှုများ၊ လူမှုတော်လှန်ရေးများ၏ ကိုယ်စား လှယ်များအဖြစ် အစဉ်အလာအားဖြင့် မှတ်ယူထားသည်။ လူတန်းစားကွဲပြားမှုများကို ပြန်လည်ကုစားနိုင်သည်ဟု ယုံကြည်ပြီး၊ ဆိုရှယ်လစ်ပန်းတိုင်သည် စီးပွားရေးနှင့် လူမှုရေးမညီမျှမှု များကို ချေမှုန်းရေး သို့မဟုတ် သိသိသာသာလျှော့ချရေးဖြစ်သည်။

**ဘုံပိုင်ဆိုင်မှု (Common ownership)**

ဆိုရှယ်လစ်စနစ်နှင့် ဘုံပိုင်ဆိုင်မှုအကြား ဆက်ဆံရေးသည် နက်ရှိုင်းစွာ အငြင်းပွားဖွယ်ရာ ဖြစ်နေ သည်။ အချို့က ဘုံပိုင်ဆိုင်မှုအားဆိုရှယ်လစ်စနစ်၏ အဆုံးသတ်အဖြစ် မြင်ကြပြီး၊ အချို့ကပိုမို ကျယ်ပြန့်သော တန်းတူညီမျှမှုရရှိရေး နည်းလမ်းတစ်ခုအဖြစ် မြင်ကြသည်။ ဘုံပိုင်ဆိုင်မှုဟူသည်မှာ တစ်ကိုယ်ကောင်းဆန်မှု၊ ရယူမှုနှင့် လူမှုရေးပိုင်းခြားမှုကို မြင့်မားစေသည့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို အများအကျိုးအတွက်အသုံးချနိုင်သော အရင်းအမြစ်တစ်ခုအဖြစ်သတ်မှတ်ပိုင်ဆိုင်စေခြင်းဖြစ်သည်။

သို့သော် ခေတ်သစ်ဆိုရှယ်လစ်စနစ်သည် ‘ပိုင်ဆိုင်မှုနိုင်ငံရေး’ နှင့်ပတ်သက်၍ ကျဉ်းမြောင်းသော အမြင်မျိုးမရှိတော့ပါ။

**မိုးသန်**




NUG ၏ ယာယီသမ္မတ ဒူဝါလရှီးလသည် စေ့စပ်ညှိနှိုင်းရေးတံခါးကို ပိတ်ထားခြင်းမဟုတ်သော်လည်း ကြိုတင်သတ်မှတ်ချက်ငါးခုအပေါ် အခြေခံရမည်ဟု မကြာသေးမီက ပြောကြားခဲ့သည်။

(၁) အာဆီယံ၏ အဆိုပြုချက်အတိုင်း စစ်တပ်က အရပ်သား သတ်ဖြတ်မှုများကို ရပ်တန့်ရမည်၊
(၂) နိုင်ငံရေးမှ လုံးဝနှုတ်ထွက်ကြောင်း အာမခံရမည်၊
(၃) ဒုက္ခရောက်နေသော နိုင်ငံသားများအတွက် နိုင်ငံတကာ အကူအညီများကို အနှောင့်အယှက် မပေးရန် သဘောတူရမည်၊
(၄) ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးကို လက်ခံရမည်၊
(၅)၊ ဤအချက်များကို ခိုင်မာစေရန် နိုင်ငံတကာ ဖျန်ဖြေသူကို လက်ခံရမည်။

သို့သော်လည်း အင်အားသုံး ဘာသာစကားကိုသာသိသော စစ်ဗိုလ်ချုပ်များသည် စေ့စပ်ညှိနှိုင်းရေးစားပွဲသို့ လွယ်လွယ်ကူကူလာရောက်၍ ကြိုတင်သတ်မှတ်ချက်များကို လက်မခံဘဲ တော်လှန်ရေးလှုပ်ရှားမှုတွင် နိုင်ငံရေးနှင့် စစ်ရေးအရ အားကောင်းမှုမရှိပါက ၎င်းကို အလွယ်တကူ မရောက်နိုင်ပေ။ စစ်ရေးအရ ပူးပေါင်းလုပ်ဆောင်ပြီး နိုင်ငံရေးအရ စည်းလုံးညီညွတ်သော တော်လှန်ရေးလှုပ်ရှားမှုမှသာလျှင် စေ့စပ်ညှိနှိုင်းမှုများအတွက် လိုအပ်သော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ပါသည်။

အခြေခံမှုများနှင့် တော်လှန်ရေးအင်အားစုအားလုံး ပေါင်းစည်းနိုင်စေမည့် နိုင်ငံရေးအမျှော်အမြင်ကို ရှာဖွေခြင်းမှာ တော်လှန်ရေးလှုပ်ရှားမှုနှင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး တိုးတက်မှုအတွက် အရေးကြီးပါသည်။ သို့သော် အသေးစိတ်ပါဝင်နိုင်သည့် နိုင်ငံရေးသဘောတူညီချက်အပေါ် အလေးပေးမှုသည် ဆုတ်ယုတ်မှုများကို ဖန်တီးနိုင်ပြီး နက်နက်ရှိုင်းရှိုင်း နစ်မြုပ်နေသည့် မယုံကြည်မှုကို ကျော်လွှားရန် ကြိုးစားဆဲဖြစ်သည့် အဖွဲ့များကြား လက်ရှိ မတည်ငြိမ်သောဆက်ဆံရေးကို ပိုမိုဆိုးရွားစေနိုင်သည်။

စစ်အစိုးရ၏ အကြမ်းဖက်မှုများသည် မြေပြင်ရှိ စစ်အစိုးရဆန့်ကျင်ရေး အင်အားစုများကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို အားပေးသော်လည်း အချို့မှာ နိုင်ငံရေးဆွေးနွေးမှု ပလက်ဖောင်းနှင့် မျှဝေထားသော ပဋိညာဉ်စာချုပ်ကို သရုပ်ပြရန် သို့မဟုတ် အပြည့်အဝ လုပ်ဆောင်ရန် တွန့်ဆုတ်နေကြဆဲဖြစ်ကြောင်း ထင်ရှားပါသည်။ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကြားတွင် တော်လှန်ရေးလှုပ်ရှားမှုသည် မြေပြင်တွင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် နိုင်ငံရေးအစီအမံများအတွက် ဖြည်းဖြည်းချင်း ညှိနှိုင်းဆွေးနွေးမှုပုံစံကို ဖော်ဆောင်သင့်သည်။

မြေပြင်တွင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်ထိန်းထားရန်၊ စစ်အာဏာရှင် ဆန့်ကျင်ရေး တော်လှန်ရေး အင်အားစုများအားလုံး တည်ဆဲ ကွပ်ကဲမှုဖွဲ့စည်းပုံများကြား ခိုင်မာသော ပေါင်းစပ်ညှိနှိုင်းရေးစနစ်ကို အမြန်တည်ဆောက်ရန် နည်းလမ်းများ ရှာဖွေရန် လိုအပ်ပါသည်။ NUG နှင့် ၎င်း၏ မဟာမိတ် EAO များအားလုံးသည် လက်ရှိ C3C နှင့် J2C နှင့် မဟာဗျူဟာအဆင့်တွင် ဖြစ်နိုင်သော အနာဂတ် စစ်ရေးမဟာမိတ်များ အတူတကွ လုပ်ဆောင်မည့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းရေးစနစ်ကို ထူထောင်ရန် ညှိနှိုင်းသဘောတူသင့်သည်။

ထိုသို့သော စစ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုမှတဆင့် NUG နှင့် EAO များ ဦးဆောင်သော ဒီမိုကရေစီ တော်လှန်ရေးအင်အားစုများသည် ယုံကြည်မှုတည်ဆောက်ကာ စစ်ပြီးခေတ် မြန်မာနိုင်ငံအတွက် အခြေခံမူများနှင့် မျှော်မှန်းချက်များအတွက် နိုင်ငံရေး စေ့စပ်ညှိနှိုင်းရေး နောက်တဆင့်သို့ တက်လှမ်းရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် တည်ဆောက်ထားသော ခိုင်မာသောစစ်အင်အားကသာ တိုင်းပြည်ကို လက်ရှိအပျက်အစီးမှ လွတ်မြောက်နိုင်သည့် တော်လှန်ရေးမဟာမိတ်များ၏ တည်တံ့ခိုင်မြဲမှုကို အာမခံနိုင်မည်ဖြစ်သည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ယုံကြည်စိတ်ချရသော အနာဂတ်မြန်မာနိုင်ငံအတွက် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ်သည် စစ်အစိုးရက အဆိုပြုထားသည့် 2023 အတုအယောင် ရွေးကောက်ပွဲမှမဟုတ်ဘဲ တော်လှန်ရေးလှုပ်ရှားမှုမှတဆင့် သွားနိုင်သည်ကို ကောင်းစွာသိရှိထားသင့်သည်။ သို့သော်လည်း ဂိုဏ်းခွဲနိုင်ငံရေး၊ သမိုင်းဆိုင်ရာ မကျေနပ်ချက်များနှင့် မယုံကြည်မှုများကြောင့် လုံးလုံးလျားလျား ညီညွတ်ရေး မျှော်လင့်ချက်သည် လက်တွေ့မကျကြောင်း သတိပြုသင့်သည်။

တော်လှန်ရေးလှုပ်ရှားမှုအတွက် လက်တွေ့အကျဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံးလမ်းကြောင်းမှာ စစ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းခြင်းတို့ကို ပေါင်းစပ်ခြင်းဖြစ်သည်။ လှုပ်ရှားမှုသည် လက်ရှိတွင် ဤအစီအစဉ်ကို မြှင့်တင်ရန်အတွက် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေပါသည်။ ထို့ကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တော်လှန်ရေးလှုပ်ရှားမှုများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအတွက် တည်ငြိမ်အေးချမ်းသော အနာဂတ် တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံအားပေးသင့်ပါသည်။

တစ်ချိန်က Peter Kropotkin က "မျှော်လင့်ချက်မဲ့သူများသည် ပုန်ကန်ခြင်းမပြုပါနှင့်၊ တော်လှန်ရေးသည် မျှော်လင့်ချက်၏ လုပ်ရပ်ဖြစ်သောကြောင့်" အာဏာသိမ်းပြီး နှစ်ဆယ့်သုံးလတာ ကာလအတွင်း လူထုတော်လှန်ရေး လှုပ်ရှားမှုသည် အရှိန်အဟုန် လျော့ကျသွားသည့် အရိပ်အယောင်မျှပင် မပြနိုင်ဘဲ နက်နက်ရှိုင်းရှိုင်း နစ်မြုပ်နေသော စစ်အာဏာရှင်စနစ်၏ ထမ်းပိုးမှ လွတ်မြောက်ပြီး မြန်မာပြည်၏ အနာဂတ်ကို ပြည်သူတို့ မျှော်လင့်နေကြပါသည်။ နိုင်ငံတကာအသိုက်အဝန်းသည် မြန်မာပြည်သူများ ၎င်းတို့၏ မျှော်လင့်ချက်များကို လက်တွေ့အဖြစ်သို့ ပြောင်းလဲရာတွင် ကြီးမားသောလုပ်ဆောင်ရမည့်တာဝန်ကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။

**မောင်ကြည်လင်**

**ရဲမျိုးဟိန်း ရေးသားထားသည့် Greater Military Co-operation is Needed in the Burmese Resistance Movement (Stimson Center) မှ ကောက်နုတ်ဘာသာပြန်ထားခြင်းဖြစ်သည်။**

**မူရင်းဆောင်းပါး**

**https://www.stimson.org/2023/greater-military-cooperation-is-needed-in-the-burmese-resistance-movement/**



မိုးသန်

## လူမျိုးစုလက္ခဏာ ရှိသော အချိုးမညီအာဏာခွဲဝေကျင့်သုံးသည့် ပြည်ထောင်စုစနစ်

# ရုရှားပြည်ထောင်စုလေ့လာချက်

၁၉၁၇ ခုနှစ် မဟာအောက်တိုဘာတော်လှန်ရေးအပြီး ဇာဘုရင်၏ ရုရှားအင်ပါယာပြိုကွဲပြီးနောက်တွင် ဗလာဒီမာလီနင်နှင့် ဘော်ရှီဗစ်တို့က ကိုလိုနီနယ်များအပါအဝင် နိုင်ငံအားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံခဲ့ကြသည်။ လွတ်လပ်သောနယ်မြေများအဖြစ် ရည်ညွှန်းခဲ့သည်။ လီနင်၏ စည်းရုံးမှုသည် ရုရှားပြည်တွင်းစစ်အတွင်း မဟာမိတ်များဖြစ်စေခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် ဆိုဗီယက်ယူနီယံကို ထူထောင် ခြင်းဖြင့် ဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (ASSR) ၏ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရလက်အောက်ခံဒေသများ ဖြစ်လာခဲ့သည်။ ဇာဘုရင်အုပ်စိုးမှုစနစ်အား ခြေ ဖျက်ပြီး နိုင်ငံရေးပုံစံသစ်ကိုထူထောင်နိုင်ရန် ကြိုးပမ်းကြခြင်း ဖြစ်သည်။ ဆိုဗီယက်ယူနီယံသည် ပြည်ထောင် စုဝင်သမ္မတ နိုင်ငံ ၁၅ နိုင်ငံအတွက် ခွဲထွက်ခွင့်အပါအဝင် သက်ဆိုင်ရာအရွယ်အစားနှင့် အခြေချနေ ထိုင်မှုစုစည်းမှုအလိုက် လူမျိုးစုများအား နိုင်ငံရေးဆိုင်ရာအခွင့် အရေးများ ပေးအပ်ထားရှိခဲ့ပါသည်။ လူမျိုးစုဖက်ဒရယ်စနစ်ပုံစံတည်ဆောက်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ဆိုဗီယက်ယူနီယံသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အမှန်တကယ်ကျင့်သုံးရန် ကြိုးပမ်းသူများကို နှိမ်နင်းခြင်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ဆိုင်ရာ စည်းမျဉ်းများကိုလက်တွေ့ခွင့်ပြုခြင်းမရှိခဲ့ပေ။

တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသော်လည်း အဖွဲ့ဝင်ယူနစ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များသည် ဆိုဗီယက်ယူနီယံ၏ သမိုင်းတစ်လျှောက်တွင် များစွာကွဲပြားခဲ့ပြီး ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အများအပြားရှိနေခဲ့သည်။ ဆိုဗီယက်ယူနီယံသည် ဗဟိုချုပ်ကိုင်မှုစနစ်အား ပြုပြင်ပြောင်းလဲမှုများကို စတင်လိုက်သောကြောင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုမှုများတိုးလာ ခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် အဖွဲ့ဝင်ယူနစ်များသည် ၎င်းတို့၏ ဆိုဗီယက်ပြည်ထောင်စုအတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံအဖြစ် တည်ရှိခဲ့မှုကိုအဆုံးသတ်ကြောင်း ကြေငြာခဲ့ပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ် ကြေငြာခဲ့သည်။ ဆိုဗီယက်ယူနီယံသည် ၁၉၉၁ ခုနှစ်တွင်ပြို ကွဲခဲ့ပြီး ရုရှားနိုင်ငံသည် လွတ်လပ်လာခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဖက်ဒရေးရှင်းစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ကြီးမားသောအခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကိုရယူကာ ရုရှားဖက်ဒရေး ရှင်းတွင် အဖွဲ့ဝင်ယူနစ်အချို့ ပြန်လည်ပါဝင်လာခဲ့ပါသည်။ အဖွဲ့ဝင်ယူနစ်များအနက်မှ သမ္မတနိုင် ငံငယ်များအဖြစ် သတ်မှတ်ခံရသည့်အဆင့်အတန်းရရှိသည့် ယူနစ်များသည်ပေးအပ်ထားသော အာဏာပိုရှိသောကြောင့် အခြားအဖွဲ့ဝင်ယူနစ်များနှင့် ကွဲပြားသည်။ သမ္မတနိုင်ငံငယ်အဆင့် ယူနစ် များတွင် ၎င်းတို့၏ ကိုယ်ပိုင်အခြေခံဥပဒေများ၊ ရုံးသုံးဘာသာစကားများနှင့် နိုင်ငံတော်သီချင်းများရှိ သည်။ အခြားသောအဆင့်ရှိသည့် ယူနစ်များတွင်မူ ဤအခွင့်အရေးများမရှိသည့်အတွက်

ရုရှဖက်ဒရေးရှင်းသည် အချိုးမညီသောဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေသည်။ သမ္မတနိုင်ငံငယ်အဆင့် ယူနစ် များကြား တွင်ပင် ခွဲဝေကျင့်သုံးနိုင်သည့် အာဏာများကွဲပြားကြပြီး ၎င်းတို့၏ စီးပွားရေးပါဝါအပေါ် များစွာမူတည်သည်။ ပြည်ထောင်စုအစိုးရနှင့် သမ္မတနိုင်ငံငယ်အဆင့် ယူနစ်များအကြား သဘောတူ စာချုပ်များလက်မှတ်ရေးထိုးခြင်းဖြင့် သမ္မတနိုင်ငံငယ်အဆင့်ယူနစ်များသည် ၎င်းတို့၏ စီးပွားရေး၊ ပြည်တွင်းမူဝါဒများနှင့် ၁၉၉၀ ခုနှစ်များအတွင်း နိုင်ငံခြားဆက်ဆံရေးများကိုပင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ပိုင်ခွင့်အာဏာများ ရှိခဲ့သည်။ သို့သော်လည်း ဗလာဒီမာပူတင်၏ ဗဟိုချုပ်ကိုင်မှုပြုပြင်ပြောင်းလဲမှု များသည် ချေချင်းညာမှလွဲ၍ သမ္မတနိုင်ငံငယ်အဆင့် ယူနစ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တဖြည်းဖြည်းလျော့ချပစ်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရနှင့် သမ္မတနိုင်ငံငယ်အဆင့်ယူနစ်များအကြား သဘောတူညီချက်များကို ဖျက်သိမ်းခဲ့ပြီး လက်တွေ့တွင် အာဏာအားလုံးသည် ပြည်ထောင်စုအစိုးရ ထံတွင်သာရှိလာပါတော့သည်။ ၂၀၁၇ ခုနှစ်တွင် နောက်ဆုံးသဘောတူစာချုပ်ကို ရပ်စဲလိုက်ခြင်းဖြင့် ရုရှားသည် ဖက်ဒရယ်ပြည်ထောင်စုအဖြစ်မှ မရှိတော့ကြောင်း ဝေဖန်သူအချို့ကဖော်ပြခဲ့ကြသည်။

**ဖက်ဒရယ်နိုင်ငံရေးအတွေးအမြင် ဖော်ဆောင်ခဲ့ဖူးခြင်း**

ဇာဘုရင်၏ ရုရှားအင်ပါယာပြိုကွဲပြီးနောက် ဆိုဗီယက်ပြည်ထောင်စုအစောပိုင်းကာလများတွင် သမ္မ တနိုင်ငံငယ်အဆင့်ယူနစ်များကို တည်ထောင်ခဲ့သည်။ ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗလာဒီမာလီနင်သည် ရုရှားပြည်သူများ၊ လူမျိုးစုများ၏ အခွင့်အရေးဆိုင်ရာကြေငြာစာတမ်းကို ထုတ် ပြန်ခဲ့ပြီး ရုရှားလူနည်းစုလူမျိုးစုများကို ကိုယ်ပိုင်ပြဌာန်းခွင့်ပေးခဲ့သည်။ သို့သော်လည်း ဤကြေ ငြာချက်သည် လူနည်းစုများအားလွတ်လပ်ရေးရပိုင်ခွင့်ကို အမှန်တကယ်ပေးအပ်ရန် ရည်ညွှန်းခြင်း မရှိခဲ့ဘဲ နောက်ဆက်တွဲဖြစ်ပွားနေသော ရုရှားပြည်တွင်းစစ်တွင်ပေါက်ထွန်းလာနေသော ဆိုဗီယက် နိုင်ငံအတွက် လူနည်းစုအုပ်စုများအကြား ထောက်ခံမှုရရှိရန်သာ အသုံးပြုခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ လီနင်၏ ကြေငြာချက်ကိုအသုံးပြု၍ လွတ်လပ်သောနိုင်ငံများအဖြစ် ရပ်တည်ဖန်တီးရန်အတွက် ကြိုးပမ်းမှုများကို ဘိုရှီဗစ်တို့က ပြည်တွင်းစစ်တစ်လျှောက်လုံး ဖိနှိပ်ခဲ့သည်။ ဆိုဗီယက်ယူနီယံကို ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တရားဝင်တည်ထောင်သောအခါ နိုင်ငံအတွင်းရှိ လူနည်းစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (ASSR) ထံ လွှဲအပ်ခဲ့သည်။ ပြည်တွင်းစစ်အပြီးတွင် ဘော်ရှီဗစ်တို့သည် နိုင်ငံ၏ နယ်နိမိတ်ဆွဲရန်အတွက် ပိုင်းခြားသတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ ဂျိုးဇက်စတာလင်၏ နိုင်ငံသားဆိုင်ရာသီအိုရီဖြင့် အမျိုးမျိုးအသိအမှတ်ပြုထားသော လူမျိုးစုများအတွက် အမျိုးသားမွေးရပ်မြေကို ဖန်တီးရန်နယ်နိမိတ်များရေးဆွဲ ထားရှိခဲ့သည်။ Ka-zakh ASSR နှင့် Central Asia ရှိ Turkestan ASSR ကဲ့သို့သော အစောပိုင်း သမ္မတနိုင်ငံများကို ဖျက်သိမ်းကာ ပြည်ထောင်စုသမ္မတနိုင်ငံသစ်များ ဖန်တီးရန် ခွဲထုတ်ခဲ့ပါသည်။ ခွဲခြား ကန့်သတ်မှုများပါရှိသော်လည်း လူနည်းစုဘာသာစကားများနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးတို့ကို အကန့်အသတ်ဖြင့် အားပေးသည့်ဌာနေတိုင်း ရင်းသားဖြစ်ရေးမူဝါဒ ထွက်ပေါ်လာခဲ့သည်။ ဤမူဝါဒ သည် တိုင်းရင်းသားရုရှားလူမျိုးများကိုလည်း ထိခိုက်စေပြီး အထူးသဖြင့် Buryat ASSR ကဲ့သို့ ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ ဇာတိမြေတွင်လူနည်းစုဖြစ်လာ ခဲ့ခြင်းမျိုးလည်းရှိခဲ့ပါ သည်။

ရုရှားဖွဲ့စည်းပုံ အခြေခံဥပဒေအရ၊ ရုရှားဖက်ဒရေးရှင်းတွင် သမ္မတနိုင်ငံငယ်အဆင့်ယူနစ်များ၊ krai "နယ်မြေ" များ၊ Oblasts များ (၎င်းတို့သည် ဖက်ဒရေးရှင်းကောင်စီတွင် ကိုယ်စားပြုပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စုတွင်ပါဝင်သော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ပြီး အုပ်ချုပ်ရေးအပိုင်းခွဲတစ်ခု အဖြစ်ဆောင်ရွက်သည်။)၊ ဖက်ဒရယ်အရေးပါသောမြို့များ (မော်စကို၊ စိန့်ပီတာစဘတ်နှင့် ဆီဗာစတို ပိုလ်မြို့ သုံးခုဖြစ်ပြီး ဖက်ဒရယ်မြို့တစ်ခုစီအတွင်းတွင် သီးခြားလုပ်ပိုင်ခွင့်အာဏာများရှိသည်။)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ okrugs များပါဝင်ပြီး ၎င်းတို့အားလုံးသည် ရုရှားဖက်ဒရေးရှင်း၏ ယူနစ်များဖြစ်ကြသည်။ ရုရှားဖက်ဒရေးရှင်းတွင် ၁၉၉၃ ခုနှစ်တွင် အမျိုးမျိုး သောအဆင့်အတန်းရှိသည့် ဖက်ဒရယ်ယူနစ်များ ပါဝင်သည်။ ဖယ်ဒရယ်ယူနစ်တိုင်းတွင် ကိုယ်ပိုင်အုပ် ချုပ်ရေးအဖွဲ့၊ လွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးရှိသည်။ ဖက်ဒရယ်ယူနစ်တစ်ခုစီတွင် ၎င်း၏ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် ပဋိညာဉ်နှင့် ဥပဒေများ ရှိသော်လည်း ယင်းအင်္ဂါ အစိတ်အပိုင်းများ၏ အခွင့်အာဏာမှာကွဲပြားသည်။ ယူနစ်များသည် ပြည်ထောင်စုအစိုးရအဖွဲ့များနှင့် ဆက်ဆံရေးတွင် တန်းတူအခွင့်အရေး ရှိသည်။ ဖက်ဒရယ်ယူနစ်များမှ ကိုယ်စားလှယ်နှစ်ဦးစီသည် ဖက်ဒရယ်ကောင်စီ၊ ပြည်ထောင်စု လွှတ်တော်၏အထက်လွှတ်တော်တွင် တူညီသောကိုယ်စားပြုမှု ရှိသည်။

**အခြေခံဥပဒေ**

ရုရှားဖက်ဒရေးရှင်းအတွင်းရှိ နိုင်ငံပေါင်းစုံမှပြည်သူများသည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ထူထောင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး၊ ပြည်သူများ၏ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ဆိုင်ရာအခြေခံမူများမှ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော ကောင်းမြတ်သော တရားမျှတမှုကို ယုံကြည်ခြင်း၊ ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်အသက် သွင်းရန်နှင့် ဒီမိုကရေစီအခြေခံကို အခိုင်အမာအခိုင်အမာယုံကြည်လျက် ရုရှားနိုင်ငံ၏ ချမ်းသာရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် နိဒါန်းတွင်ဖော်ပြထားသည်ကို တွေ့ရပါသည်။

ရုရှားဖက်ဒရေးရှင်းသည် ဒီမိုကရေစီဖက်ဒရယ်ဥပဒေဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်ပြီး သမ္မတစနစ် အစိုးရပုံစံဖြင့်အုပ်ချုပ်သည်။ ပြည်ထောင်စုသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များသည် အမြင့်မြတ်ဆုံးတန်ဖိုးထားမှု ဖြစ်သည်။ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုခြင်း၊ စောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းသည် နိုင်ငံတော်၏တာဝန်တစ်ရပ်ဖြစ်သည်။ (ခြေဥ ပုဒ်မ ၂။) အစုအဖွဲ့ဝင်ယူနစ်ပေါင်းစုံမှ ပြည်သူများသည် အချုပ်အခြာအာဏာ၏မူလပိုင် ရှင်များဖြစ်ပြီး အာဏာအရင်းအမြစ်ဖြစ်သည်။ ပြည်သူများသည် ၎င်း၏အာဏာကို တိုက်ရိုက်သော်လည်းကောင်း၊ ယူနစ်အစိုးရအဖွဲ့များနှင့် ဒေသန္တရ ကိုယ်ပိုင်အစိုးရ အဖွဲ့များမှတဆင့်လည်းကောင်း ကျင့်သုံးရပါသည်။

ပြည်သူ့အာဏာ၏ အမြင့်ဆုံး တိုက်ရိုက်အသုံးချနိုင်မှုသည် ပြည်သူ့ဆန္ဒခံယူပွဲနှင့် လွတ်လပ်သော ရွေး ကောက်ပွဲများဖြစ်ပေသည်။ ရုရှားဖက်ဒရေးရှင်းတွင် မည်သူမျှအာဏာကိုသိမ်းပိုက်ခွင့်မရှိပါ။ အာဏာသိမ်းခြင်း သို့မဟုတ် နိုင်ငံတော်အာဏာကို လုယူခြင်းအား ပြည်ထောင်စုဥပဒေအရ တရားစွဲဆိုနိုင်မည်ဖြစ်သည်။ (ခြေဥ ပုဒ်မ ၃။)။

ရုရှားဖက်ဒရေးရှင်း၏ ဖက်ဒရယ်ဖွဲ့စည်းပုံသည် နိုင်ငံရေးအာဏာခွဲဝေကျင့်သုံးမှုစနစ်တွင် ပြည်ထောင် စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား၊ ရုရှ၏ဖွဲ့စည်းပုံဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်နယ် အစိုးရအဖွဲ့များကြားတွင်စည်းလုံးညီညွတ်မှု၊ အခွင့်အာဏာနှင့် အာဏာခွဲဝေမှုဆိုင်ရာများတွင် လူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တိုအပေါ် အခြေခံရပါသည်။ (ခြေဥ ပုဒ်မ ၅။)

ရုရှားဖက်ဒရေးရှင်း၏ နိုင်ငံသားဖြစ်ခွင့်ကို ဖက်ဒရယ်ဥပဒေနှင့်အညီရယူပြီး၊ ဥပဒေအရ ရပ်စဲနိုင်သည့် အခြေအနေလည်းရှိပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသားတိုင်းသည် ၎င်းတို့နေထိုင် နယ်မြေအတွင်း ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ခံစားရမည် ဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းဖွဲ့စည်းပုံအခြေခံဥပဒေ တွင်ဖော်ပြထားသည့်အတိုင်း တန်းတူညီမျှသောတာဝန်များကိုထမ်းဆောင်ရပါသည်။

ရုရှားဖက်ဒရေးရှင်းသည် အရည်အသွေးရှိသောလူသားဘဝနှင့် လူသား၏လွတ်လပ်သည့် ဖွံ့ဖြိုးတိုး တက်မှုကို အာမခံသည့်အခြေအနေများ၊ မူဝါဒများကို ဖန်တီးရန်ရည်ရွယ်သောနိုင်ငံဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းတွင် ပြည်သူများ၏ လုပ်အားနှင့် ကျန်းမာရေးကို အကာအကွယ်ပေးရမည်ဖြစ်ပြီး နိုင်ငံတော်၏ ပံ့ပိုးကူညီမှုသည် မိသားစု၊ မီးဖွားမှု၊ ကလေးဘဝ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို နိုင်ငံသားများအတွက် လူမှုဖူလုံရေးဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံတော်၏ ပင်စင်လစာများ၊ ထောက်ပံ့ကြေးများနှင့် အခြားသော လူမှုဖူလုံရေး အာမခံများကို ထူထောင်ထားရှိပါ သည်။ မြေယာနှင့် အခြားသောသဘာဝအရင်းအမြစ်များကို ရုရှားဖက်ဒရေးရှင်းအတွက် အသုံးချကာ သက်ဆိုင်ရာနယ်မြေများတွင် နေထိုင်ကြသော ပြည်ထောင်စုသားများ၏ ဘဝနှင့် လှုပ်ရှားဆောင်ရွက် မှုများ၏ အခြေခံအဖြစ်အကာအကွယ်ပေးရပါသည်။ မြေယာနှင့် အခြားသဘာဝအရင်းအမြစ်များကို ပုဂ္ဂလိက၊ ပြည်နယ်၊ စည်ပင်သာယာရေးနှင့် အခြားသော ပိုင်ဆိုင်မှုပုံစံများအားဖြင့် စီမံပါသည်။ (ခြေဥ ပုဒ်မ ၉)။ ရုရှားဖက်ဒရေးရှင်းတွင် နိုင်ငံတော်အာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင် ရေးဆိုင်ရာအခွင့်အာဏာများအဖြစ် ခွဲခြားကျင့်သုံးသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင် ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့များသည်လွတ်လပ်စွာဆောင်ရွက်နိုင်ပေသည်။

ရုရှားဖက်ဒရေးရှင်းတွင် နိုင်ငံတော်အာဏာကို ရုရှားဖက်ဒရေးရှင်းသမ္မတ၊ ဖက်ဒရယ်လွှတ်တော် (ကောင်စီနှင့် အထက်လွှတ်တော် Duma)၊ ရုရှားဖက်ဒရေးရှင်းအစိုးရနှင့် ရုရှားဖက်ဒရေးရှင်းတရားရုံး များက ကျင့်သုံးပါသည်။ ရုရှားဖက်ဒရေးရှင်း၏ မဲဆန္ဒနယ်မြေများတွင် နိုင်ငံတော်အာဏာကို ထိုမဲ ဆန္ဒနယ်မှ ဖွဲ့စည်းထားသော ပြည်နယ်အစိုးရအဖွဲ့များဖြင့် ကျင့်သုံးသည်။ ရုရှားဖက်ဒရေးရှင်း၏ ပြည် နယ်အစိုးရအဖွဲ့များနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများအကြား အာဏာပိုင်များနှင့်အာဏာခွဲဝေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရေးရှင်းစာချုပ်နှင့် အာဏာပိုင်များနှင့် အာဏာခွဲဝေမှုဆိုင်ရာအခြား စာချုပ်များဖြင့် ဖွဲ့စည်းကြပါသည်။ (ခြေဥ ပုဒ်မ ၁၁)။ ရုရှားဖက်ဒရေးရှင်းတွင် ဒေသန္တရအစိုးရကို အသိအမှတ်ပြုပြီး အာမခံရပါသည်။ ဒေသန္တရကိုယ်ပိုင်အစိုးရသည် ၎င်း၏ အရည်အချင်းသတ်မှတ် ချက်များအတွင်း အမှီအခိုကင်းစွာရပ်တည်ပါသည်။ ဒေသန္တရအစိုးရအဖွဲ့များသည် ယူနစ်အစိုးရ အဖွဲ့များ၏ အစိတ်အပိုင်းမဟုတ်ပေ။

အိုင်ဒီယိုလိုဂျီကွဲပြားမှုများကို ရုရှားဖက်ဒရေးရှင်းတွင် အသိအမှတ်ပြုသည်။ မည်သည့်အိုင်ဒီယိုလို ဂျီကိုမှ နိုင်ငံတော်အယူဝါဒ အဖြစ် သို့မဟုတ် တာဝန်ဝတ္တရားအဖြစ် ကြေငြာခြင်းမပြုနိုင်ပေ။ နိုင်ငံရေး ကွဲပြားမှုနှင့် ပါတီစုံစနစ်အား ရုရှားဖက်ဒရေးရှင်းတွင် အသိအမှတ်ပြုပါသည်။ ပြည်သူ့ အခြေပြု အသင်းအဖွဲ့များသည် ဥပဒေရှေ့မှောက်တွင်တန်းတူညီမျှရှိရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအခြေခံ အမိန့်ကို အတင်းအကျပ်ပြောင်းလဲခြင်းနှင့် ရုရှားဖက်ဒရေးရှင်း၏ဂုဏ်သိက္ခာကို ချိုးဖောက်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့စည်းခြင်းနှင့် လူမှုရေးသွေးထိုးလှုံ့ဆော်မှုတို့ကို အခြားအစုများ၊ လူပုဂ္ဂိုလ် များအားထိခိုက်စေလိုသော ရည်ရွယ်ချက်များဖြင့် ပြည်သူ့အခြေပြုအသင်း အဖွဲ့များတည်ထောင်ခြင်း နှင့် လှုပ်ရှားမှုများ၊ လူမျိုးရေး၊ဘာသာရေး ပဋိပက္ခများကိုတားမြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းသည် နိုင်ငံရေးတွင်ဘာသာရေးရောယှက်ခြင်းမရှိသည့် လောကီနိုင်ငံတော်ဖြစ် သည်။ မည်သည့်ဘာသာကိုမှ နိုင်ငံတော်ဘာသာအဖြစ်ကျင့်သုံးနိုင်ခွင့်မရှိပါ။ ဘာသာရေးအသင်း အဖွဲ့များသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိကြပါသည်။

ရုရှားဖက်ဒရေးရှင်း၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးတရားဝင်အာဏာရှိပြီး ရုရှားဖက်ဒရေးရှင်း၏နယ်မြေတစ်ခုလုံးတွင် သက်ရောက်ပါသည်။ ရုရှားဖက်ဒရေးရှင်းတွင် ချမှတ်ထားသော ဥပဒေများနှင့် အခြားဥပဒေပြုမှုများသည် ရုရှားဖက်ဒရေးရှင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲမှုမရှိစေ ရပါ။

**ဆက်လက်ဖော်ပြပါမည်...။**

**မိုးသန်**

